# ကြေးမုံ
# The Mirror

၁၃၆၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၃ ရက်၊ အင်္ဂါနေ့ (8-4-2008) (၅၆၄၇)


## ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး ဘီ၊ ဂျေ၊ ပီ ပါတီခေါင်းဆောင် Shri L.K Advani အား နေပြည်တော်မြို့ တော့ဂျ်မဟာဟိုတယ်ရှိ Villa Madici ခန်းမတွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား

# အိန္ဒိယသမ္မတနိုင်ငံ ဘီ၊ ဂျေ၊ ပီ ပါတီခေါင်းဆောင် လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ဘီ၊ ဂျေ၊ ပီ ပါတီ (Bharatiya Janata Party) ခေါင်းဆောင် Shri L.K Advani သည် ဧပြီ ၇ရက် ညနေ ၃နာရီတွင် နေပြည်တော်မြို့ တော့ဂျ်မဟာဟိုတယ်ရှိ Villa Madici ခန်းမသို့ လာရောက်တွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး တင်အေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ဘီ၊ ဂျေ၊ ပီ ပါတီခေါင်းဆောင် Shri L.K Advani နှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာန အတွင်းဝန် Shri T.S. Tirumurti နှင့် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Bhaskar Kumar Mitra တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

## လာရောက်တွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးအား အိန္ဒိယသမ္မတနိုင်ငံ ဘီ၊ ဂျေ၊ ပီ ပါတီ ခေါင်းဆောင် Shri L.K Advani နေပြည်တော်မြို့ တော့ဂျ်မဟာ ဟိုတယ်ရှိ Villa Madici ခန်းမတွင် လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror

(၈-၄-၂၀၀၈)
အင်္ဂါနေ့

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြန်မာနှင့် အိန္ဒိယ ရင်းနှီးချစ်ကြည်
## နှစ်နိုင်ငံစီးပွားရေးပူးပေါင်းမှု ပိုမိုမြှင့်တင်

မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့သည် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိပြီး သမိုင်းကြောင်းအရ နှစ်ပေါင်းများစွာကပင် ရင်းနှီးချစ်ကြည်လာခဲ့ကြသည်။ နှစ်နိုင်ငံအကြား ခေါင်းဆောင်များ အပြန်အလှန် လည်ပတ်လျက်ရှိရာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်လာနိုင်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာမိုဟာမက်ဟာမစ်အန်ဆာရီ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ ဧပြီလ ၂ ရက်နေ့က ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်အတွင်း ဧပြီလ ၂ ရက်နေ့က အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာပတေးလ်အား နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်သို့ သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက **“မိမိတို့ နှစ်နိုင်ငံသည် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့မြှင့်တင်ခြင်းဖြင့် နှစ်နိုင်ငံစလုံးအတွက် အကျိုးရှိစေမည်သာမက ဒေသတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကိုလည်း အထောက်အကူ ဖြစ်စေမှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ သယံဇာတများနှင့် အိန္ဒိယနိုင်ငံ၏ နည်းပညာများပေါင်းစပ်ကာ နှစ်ဦးနှစ်ဖက် အကျိုး ဖြစ်ထွန်းရေး ဆောင်ရွက်နိုင်ပါကြောင်း”** ပြောကြားသည်။

အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စစ်ပရာတီဘာပတေးလ်ကလည်း **“မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင် ရန်လိုပါကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ၌ အထူးသဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍတွင် အကူအညီပေးရန် အဆင်သင့်ဖြစ်ပါကြောင်း၊ စွမ်းအင်ကဏ္ဍ၌ နည်းပညာလွှဲပြောင်းခြင်း အကူအညီများလည်း ပေးနိုင်ပါကြောင်း၊ မြန်မာ နိုင်ငံတွင် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသည်ကို အားပေးကြိုဆိုပါကြောင်း”** ပြန်လည်ပြောကြားသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး (၅)ရပ်အပေါ် အခြေခံပြီး အိမ်နီးချင်းကောင်းနိုင်ငံများ ပီသစွာ ဆက်ဆံနေထိုင်လျက်ရှိသည်။ နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို အလေးထားကြသည်နှင့်အညီ နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အရှိန်အဟုန်မြှင့်တင် ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ အိန္ဒိယသမ္မတနိုင်ငံသို့ သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာနှင့်အိန္ဒိယသမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာမြဲမြံစေပြီး နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဖော်ဆောင်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ ။

**သီရိသုမင်္ဂလာဓမ္မဇောတာရေ ဦးမောင်လှနှင့် သုဓမ္မသိင်္ဂီ ဒေါ်ရွှေစိန်တို့က ကုသိုလ်ဖြစ် အခမဲ့ပို့ဆောင်ပေးပြီး ဦးမောင်လှ ဦးဆောင်၍ ရန်ကုန်မြို့ မင်္ဂလာရာမ ပါဠိတက္ကသိုလ်၊ မော်လမြိုင်ကျွန်းမြို့ ဘုရားကြီးတိုက်နှင့် ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်တို့မှ သံဃာတော် သုံးပါးနှင့် လူပုဂ္ဂိုလ် ၁၀ ဦးတို့အား ဗုဒ္ဓဂယာသို့ မတ် ၃၁ ရက်က လေကြောင်းခရီးဖြင့် မထွက်ခွာမီတွေ့ရစဉ်။** (က-ပ)

# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လုပ်ငန်းဆိုင်ရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၇

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၅ ရက် နံနက်ပိုင်းတွင် ရေနံချောင်းမြို့ ဖန်ခါးစမ်းဥယျာဉ်သို့ ရောက်ရှိရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ဖန်ခါးစမ်းဒေသစိမ်းလန်းစိုပြည်ရေး စိုက်ခင်းများစိုက်ပျိုးထားရှိမှု၊ ရေရရှိအောင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ပျိုးဥယျာဉ်နှင့်စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးသည် ချောက်မြို့ရွှေပုံတောင်သို့ ရောက်ရှိပြီး ၂၀၀၇ ခုနှစ် တမာစိုက်ခင်း ဧက ၉၀၀ ကိုလည်းကောင်း၊ဆက်လက်၍ ဝန်ကြီးသည် ဆိပ်ဖြူမြို့ အမှတ်(၁၂၄)သစ်စက်သို့ ရောက်ရှိပြီး စက်ရုံအတွင်း ခွဲစိတ်ပြီး သစ်ခွဲသားများ၊ စက်လည်ပတ်မှု အဆင့်ဆင့်နှင့် မီးဘေးကြိုတင်ကာကွယ်ရေး ပြင်ဆင်ထားရှိမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် မင်းဘူးသစ်ထုတ်လုပ်ရေးဒေသ တယ်ပင်သစ်ဆိပ်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ မကွေးတိုင်းသစ်ထုတ်ရေး ဒုတိယအထွေထွေမန်နေဂျာ ဦးအေးသန်းနှင့် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းတို့က လုပ်ငန်းဆောင်ရွက်နေမှု၊ သစ်ထုတ်ရရှိမှု၊ သစ်လုံးများ သယ်ယူထုတ်ထားရှိမှု၊ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး သစ်ဆိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဆောမြို့နယ် စစ်ကြိုးဝိုင်း ၂၀၀၆ ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၀၀ သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် မကွေးတိုင်း သစ်ထုတ်လုပ်ရေးဒေသ ကဗွန်းမသစ်ဆိပ်သို့ရောက်ရှိရာ ချင်းပြည်နယ် သစ်ထုတ်ရေး ဒုတိယ အထွေထွေမန်နေဂျာ ဦးအေးသန်းက ချင်းပြည်နယ် ကလေးသစ်ထုတ်ရေးဒေသ၏ သစ်ထုတ်လုပ်ငန်းများ၊ သစ်လုံးများသယ်ယူနေမှု၊ နောင်နှစ်တွင် သစ်ထုတ်ရန်စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး သစ်ဆိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဧပြီ ၆ ရက် နံနက်ပိုင်းတွင် တောင်တွင်းကြီးမြို့နယ် ကင်ပွန်းတောင်ကြိုးဝိုင်း ၂၀၀၄ ခုနှစ် သီးခြားကျွန်းစိုက်ခင်း ဧက ၃၀၀၊ ၂၀၀၅ ခုနှစ် သီးခြားကျွန်းစိုက်ခင်း ဧက ၈၀၀နှင့် ၂၀၀၇ ခုနှစ် သစ်မျိုးစုံ (ယင်းမာ) စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် နေပြည်တော် တပ်ကုန်းမြို့နယ် ငလိုက်ကြိုးဝိုင်း အတွင်းရှိ ၂၀၀၇ ခုနှစ် ကျွန်းစိုက်ခင်း ဧက ၁၀၀၀ သို့ ရောက်ရှိရာ တာဝန်ရှိသူများက စိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကျိုက်ဒေးယျုံ အထူးတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၇

သန်လျင်မြို့ ကျိုက်ဒေးယျုံ စေတီတော်ကြီး၏ ခြေတော်ရင်း စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သောသင်္ကြန်အထူးတရားစခန်းပွဲကို ဧပြီ ၉ ရက်မှ ၁၇ ရက်အထိ မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာစည်ရိပ်သာကြီးမှ လေးမျက်နှာဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ မြစ်သားဆရာတော် ဘဒ္ဒန္တဝါသဝ၊ တန့်ဆည်ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ပင်းတယဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ ကျိုက်ဒေးယျုံ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉတ္တရ၊ ရွှေသန်လျင်ဆရာတော် ဘဒ္ဒန္တမေဃိယတို့က သတိပဋ္ဌာန်တရားတော်တို့ကို ဟောပြောပြသမည်ဖြစ်သည်။ ဧပြီ ၉ ရက် ညနေ ၅ နာရီအရောက် ကြွရောက်၍ ယောဂီများနှင့် ဒုလ္လဘရဟန်းရှင် သာမဏေ၊ သီလရှင်များ တရားအားထုတ် နိုင်ပါကြောင်းနှင့် ရိပ်သာ ဖုန်း-၀၅၆-၂၁၅၇၈၊ ၀၉-၅၀၃၇၇၃၄ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

# ဝိဇ္ဇာကျင့်စဉ် ဝိဇ္ဇာလမ်းစဉ်များကိုဖော်ပြထားသော ဝိဇ္ဇာမဂ္ဂဇင်း မေလထုတ်ဖြန့်ချိ

**ရန်ကုန် ဧပြီ ၇**

ဆရာမောင်ပန်းမွှေး၊ ဆရာမောင်သွေးချွန်တို့ စီစဉ် တည်းဖြတ်သော ဝိဇ္ဇာရသစုံမဂ္ဂဇင်း၊အမှတ်-၈၊ မေလထုတ်ကို ဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ယင်းမဂ္ဂဇင်းတွင် ဂျုံးဂျုံးကျဆရာတော်ကြီးနှင့် မနောမယနတ်စင်တစ်ရာဆရာတော်ကြီး၏ သိဒ္ဓိပေါက်ကျင့်စဉ်၊ ဘုရားကိုးဆူတည်တော်မူဟန်နှင့် အဓိဋ္ဌာန်ကျင့်လမ်း၊ ကောလီချေ၍ ငြိုဟ်ရှစ်ခွင်အဓိဋ္ဌာန်ဝင်ပုံ၊ ဝိဇ္ဇာဆုပန်ကိုးဂါထာ၊ဝိဇ္ဇာလမ်းပေါ်က ကြွေးသုံးကြွေး၊ ဝိဇ္ဇာဓာတ်ပိုင်၊ ဝိဇ္ဇာညီနောင် ဇင်းကျိုက်တောင်စသည်ဖြင့် ဝိဇ္ဇာအကြောင်း သိကောင်းစရာများ ပါဝင်သည်။

ထို့အပြင် ဆားတောင်ဆရာတော်၊ မဟာစည်ဆရာတော်၊ ဆရာကြီး ဂိုအင်ကာတို့၏ ဝိပဿနာရေးရာလမ်းညွှန်ချက်များလည်း ဖော်ပြထားပြီး မြိတ်ရွှေသာလျောင်းဘုရားကြီး၊ ရသကိုးမျိုးကျိုက်ထီးရိုး၊ ရပ်စောက်နဂါးကျစ်ကုန်းတော်မှ စေတီပုထိုးများကို အရောက်သွားဖူးမြင်အဓိဋ္ဌာန်ဝင်နိုင်အောင်လမ်းညွှန်ထားကာ ကမ္ဘာဦးဂန္ဓာရီအတတ်ပညာ၊မေတ္တာနှင့်ပြဟ္မာဘုံ၊ ဈာန်ဝင်စားခြင်းအပေါ် ဆရာကြီးပီမိုးနင်းအမြင်စသော စိတ်ဝင်စားဖွယ်ဆောင်းပါးများလည်းပါဝင်သည်။

စိတ်သာချအတည် ဝိဇ္ဇာမည်ကဏ္ဍအတွက် ပြည်မြို့ ဝေပုလ္လာရာမဆရာတော်ကြီး၏ ကြွဆွာသယနေသိဒ္ဓိငွေလာဘ်ခေါ် ယတြာအစီအရင်၊မဟာမြိုင်ဆရာတော်၏အချိန်ကောင်းအခါကောင်း၊လူတိုင်းအတွက် ပစ်တိုင်းထောင် စသည်တို့ပါဝင်ပြီး ကျန်းမာရေးနှင့် ဆေးသုတ၊ နက္ခတ်အမြင်ထိပေဒင်၊ရသဝတ္ထုများစသည်ဖြင့် ကဏ္ဍစုံပါဝင်ကြောင်း သိရသည်။

နာမည်ရ နာမည်ကြီး ကလောင်စုံပါဝင်ရေးသားပြီး စာမျက်နှာ ၃၀၀ ကျော် အပြင်အဆင်ကောင်းကောင်းဖြင့် တော်ဝင်မြို့မ စာအုပ်တိုက်၊ အမှတ်-၈၈၊ ဒုတိယထပ်(ယာ)၊၃၈-လမ်း၊ကျောက်တံတားမြို့နယ်။ ဖုန်း-၂၄၅၂၈၄၊ ၃၇၉၄၈၇၊ ရန်ကုန်မှ ဖြန့်ချိလိုက်ကြောင်းသိရသည်။ (သတင်းစဉ်)

# ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး တောင်ဘက်ဓောင်းတန်းတော်ကြီးဖွင့်ပွဲ

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း ဘုရားလမ်းရှိ သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင်အသစ်ဆောက်လုပ်ပြီးစီးသော တောင်ဘက် ဓောင်းတန်းတော်ကြီးဖွင့်ပွဲရေစက်ချမင်္ဂလာအခမ်းအနားကို ဧပြီ ၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် စေတီတော်ရင်ပြင်ပေါ်ရှိ အောင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဓောင်းတန်းတော်ကြီး ဆောက်လုပ်ရာတွင် စေတနာထက်သန်စွာ ပါဝင်လှူဒါန်းခဲ့ကြသောအလှူရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

# သပိတ်ကုန်း ဝေဠုဝန် သင်္ကြန်တရားစခန်း

**ရန်ကုန် ဧပြီ ၇**

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် သပိတ်ကုန်းကျေးရွာ ဝေဠုဝန်ကျောင်း၌ ဧပြီ ၁၀ ရက်မှစပြီး ၁၇ ရက်နေ့အထိ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုဒဿန (ဓမ္မာစရိယ၊ စူဠဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေများအား အသိပေး ဖိတ်ကြားထားကြောင်းနှင့် ဖုန်း-၀၉ ၅၁၇၂၈၂၅-၆၊ ၃၈၀၄၆၂နှင့် ၃၈၀၀၈၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

**မိဘများအား ရည်စူး၍ ၃၀ ရပ်ကွက် ဘုရင့်နောင်လမ်း ဆောင်းဟောမာန်အိမ်ရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးတင်ထွန်း၊ ဦးခင်မောင်ထွန်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်းဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ် ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။** (က-ပ)

# အာရှဘိလိယက်နှင့် (၂၁) နှစ်အောက် စနူကာပြိုင်ပွဲ ကျင်းပ မြန်မာအပါအဝင် ၁၄ နိုင်ငံမှ အားကစားသမား ၅၀ ကျော်ပါဝင်

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၇)ကြိမ်မြောက် အာရှဘိလိယက်တံခွန်စိုက်ပြိုင်ပွဲနှင့် (၉) ကြိမ်မြောက် အသက်(၂၁)နှစ်အောက် အာရှစနူကာတံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၅ ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့ဟိုတယ်၌ ကျင်းပသည်။

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် တာဝန်ရှိသူများ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်စဉ်။ (ကြေးမုံ)

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် အာရှဘိလိယက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr.Syed Mohboob တို့က အမှာစကား ပြောကြားကြပြီး မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

(၇)ကြိမ်မြောက် အာရှဘိလိယက်ပြိုင်ပွဲ နှင့် (၉) ကြိမ်မြောက်အာရှ ယူ(၂၁)စနူကာပြိုင်ပွဲကို ဧပြီ ၅ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့ဟိုတယ်၌ ကျင်းပမည် ဖြစ်ပြီး အိမ်ရှင် မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ အိန္ဒိယ၊မလေးရှား၊သီရိလင်္ကာ၊ကိုရီးယား၊ အီရန်၊ဗီယက်နမ်၊ကာတာ၊ပါကစ္စတန်၊ အီရတ်၊ယူအေအီးနှင့် တရုတ်နိုင်ငံတို့မှ ဘိလိယက်အားကစားသမား ၂၆ ဦး၊ စနူကာကစားသမား ၃၁ ဦးဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြသည်။ အုပ်စုပွဲစဉ်များကို ဧပြီ ၅ ရက်မှ ၉ ရက်အထိ ကွာတာဖိုင်နယ်ပွဲစဉ်များကို ဧပြီ ၁၀ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဧပြီ ၁၁ ရက်နှင့် ဗိုလ်လုပွဲများကို ဧပြီ ၁၂ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင် မြန်မာဘိလိယက်အသင်းတွင် အုပ်ချုပ်သူ ဒေါက်တာ ဇော်မျိုးတင့်၊ နည်းပြဒေါက်တာမင်းနိုင်၊ ကစားသမားများအဖြစ် အောင်ဌေး၊ ကျော်ဦး၊ အောင်ဆန်းဦး၊ နေသွေးဦး၊ မင်းစည်သူထွန်းတို့ပါဝင်ကြပြီး မြန်မာ စနူကာအသင်းတွင် အုပ်ချုပ်သူ ဦးမြင့်သာ၊ နည်းပြ ဦးဝင်းမြင့်မြတ်၊ ကစားသမားအဖြစ် ဇော်ဝင်းချို၊ ဟိန်းလွင်မိုး၊ နိုင်လင်းသူ၊ ရဲဇော်ထွဋ်နှင့် ဝင်းနိုင်တို့ ပါဝင်ကြသည်။

(ကြေးမုံ)

Pyinsaman Laban Co.,Ltd ၏ မန်နေဂျင်း ဒါရိုက်တာ ဒေါ်မြပွင့်ဖြူ Ladies' Heart Fashion ၏ Marketing System အကြောင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

# Ladies' Heart အမျိုးသမီးဝတ်၏ Fashion Product မိတ်ဆက်ပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၇

Pyinsaman Laban Co., Ltd. ၏ Ladies' Heart အမျိုးသမီးဝတ် Fashion Product အသစ်မိတ်ဆက်ပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲကို ဧပြီ ၂ ရက် ည ၇ နာရီက ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် Pyinsaman Laban Co., Ltd. ဒါရိုက်တာ ဦးနေထက်ဇော်ဝင်းက Ladies' Heart အမျိုးသမီးဝတ် Fashion Product အသစ်မိတ်ဆက်ပွဲ ပြုလုပ်ရခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလင်းတန်းဂျာနယ်မှ ဦးဝင်းငြိမ်းက စာနယ်ဇင်း ဆရာများကိုယ်စား နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် မန်နေဂျင်း ဒါရိုက်တာ ဒေါ်မြပွင့်ဖြူက Ladies' Heart Fashion Marketing System အား ရှင်းလင်းတင်ပြရာ Ladies' Heart အမျိုးသမီးဝတ် Fashion များမှာ ဟောင်ကောင်မှ ထုတ်လုပ်တင်သွင်းပြီး မြန်မာပြည်အနှံ့ ဖြန့်ဖြူးရောင်းချရာတွင် အချိန်မအားလပ်သည့် အမျိုးသမီးများအတွက် အိမ်တိုင်ရာရောက်ပို့ဆောင်ပေးသော ဝန်ဆောင်မှုကို အခကြေးငွေပေးရန်မလိုဘဲ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး လက်ဆောင်များ ပေးပို့လိုပါက Ladies' Heart ပစ္စည်းများကို ဖုန်းဆက်၍ မှာယူရရှိနိုင်ကြောင်း၊ Ladies' Heart တွင် Small, M, L, XL, XXL အထိ အရွယ်အစားမျိုးစုံရှိ၍ မြန်မာအမျိုးသမီးများနှင့် လိုက်လျောညီထွေရှိမည့် Fashion များ ဖြစ်ကြောင်း၊ Casual, Smart Casual, Evening Dress နှင့် ShawlCoat များ စုံလင်စွာရှိကြောင်း ပြောကြားသည်။ ထို့ပြင် Ladies' Heart Special Limited Edition အဝတ်အထည်များကို တစ်လ ကြိုတင်မှာယူ၍ ဝတ်ဆင်နိုင်ပြီး ကုမ္ပဏီဝန်ထမ်းများ၊ ဆိုင်ဝန်ထမ်းများနှင့် လေယာဉ်မယ်များအတွက် ခေတ်မီဆန်းသစ်သော Uniform Design သစ်များကို Ladies' Heart Fashion Design များထဲမှ ရွေးချယ်၍ တစ်လကြိုတင် မှာယူနိုင်သည်။

Ladies' Heart အဝတ်အထည်များကို Capital Hyper Mark, Room No(206)၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ Blazon, Sein Gay Har Super Centre နှင့် Dagon Centre တို့တွင် ရရှိနိုင်ပြီး ဖုန်း- ၀၁ ၃၉၅၂၅၂၊ ၃၉၅၁၅၉ Ext- ၄၀၃၊ ၅၅၃၁၃၈ Ext-၂၀၆၊ ၅၅၃၁၃၉ Ext-၂၀၆ နှင့် ၀၉၅၀၁၂၉၈၇ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ မြို့ဦးစက်ပစ်ကွင်းကျောင်းတိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ဇေယျာသုခမင်္ဂလာနှစ်ထပ် ကျောင်းတော်ကြီး၏ ဘက်စုံအတွက် ကွယ်လွန်သူများအား ရည်စူး၍ ကျန်ရစ်သူ မိခင်ကြီး ဒေါ်ကျင်စိန်နှင့် သား၊ သမီး မိသားတစ်စု၊ ကန်အောက်ရပ်၊ တောင်ကြီးမြို့မှ မြို့ဦးစက်ပစ်ကွင်းကျောင်းတိုက်ကြီး၏ ပဓာနနာယက မြို့နယ်သံဃနာယက ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တတေဇထံ အလှူငွေကျပ် ငါးသိန်းကိုလှူဒါန်းစဉ်။

(ကြေးမုံ)



ရန်ကုန်တိုင်းဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမူလတန်းနှင့်အလယ်တန်းအဆင့်ပညာသင်ကြားရေးအသိအမှတ်ပြုလက်မှတ်များပေးအပ်ပွဲတွင်မြို့နယ်ဘုန်းတော်ကြီးပညာသင်ရေးကျောင်း-သင်ကြားမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တဝဏ္ဏိတ(ရာဇဗြိုဟ်ကျောင်းဆရာတော်)ကဝိသာခါသီလရှင်(အမျိုးသမီး)ပညာသင်ကျောင်းတိုက်မှ ဆရာလေးဒေါ်ကိဿရထေရီ(သဒ္ဓမ္မဇောတိက)အားလက်မှတ်ပေးအပ်စဉ်။

(၇၆)

# ကုက္ကိုင်းရေကူးအသင်း နွေရာသီသင်တန်းဆင်း

ရန်ကုန် ဧပြီ ၇

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၀၈ခုနှစ် ပထမအကြိမ် နွေရာသီရေကူးသင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်များချီးမြှင့်ခြင်း အခမ်းအနားကို ဧပြီ ၅ရက် နံနက် ၇နာရီကဆရာစံလမ်းရှိ ကုက္ကိုင်းရေကူးအသင်း၌ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ကုက္ကိုင်းရေကူးအသင်းဥက္ကဋ္ဌဒေါက်တာခင်ရွှေက သင်တန်းနည်းပြဆရာများအားဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် အလှူငွေ ကင်းလွတ်အသင်းဝင်ခွင့် ၁၇ခုကို မဲနှိုက်ရွေးချယ်ပေးကြသည်။

ကုက္ကိုင်းရေကူးအသင်းသည် နွေရာသီ ရေကူးသင်တန်းကို ၁၉၉၇ ခုနှစ်မှ စ၍ဖွင့်လှစ်ခဲ့ပြီး ယခု ၂၀၀၈ခုနှစ်ပထမအကြိမ် ဖွင့်လှစ်သည့် နွေရာသီရေကူးသင်တန်းတွင်သင်တန်းသား၊ သင်တန်းသူ ၆၉၁ဦး တက်ရောက်ခဲ့ကြသည်။ ဒုတိယအကြိမ် နွေရာသီရေကူး သင်တန်းကို ဧပြီ ၂၆ရက်တွင်ထပ်မံဖွင့်လှစ်သွားရန်ရှိကြောင်းသိရသည်။ (ကြေးမုံ)

# မဟာသင်္ကြန်ရက်များအတွင်း သီလပေးတရားပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၇

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ကကြီးမှူး၍မဟာသင်္ကြန်ရက်များအတွင်းသီလပေးတရားပွဲများကို ကမ္ဘာအေးစေတီ၊အရုဏ်ခံတန်ဆောင်းကြီးအပေါ်ထပ်၌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ နာယကချုပ် ဆရာတော်၊ ပါမောက္ခ ဆရာတော်၊မော်ကွန်းထိန်းဆရာတော်များက (၁၃၆၉ ခုနှစ်၊ မဟာသင်္ကြန် အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့)အထိ ဧပြီ ၁၂ရက် (စနေနေ့) မှ ၁၇ရက်(ကြာသပတေးနေ့)အထိ (၆) ရက်ကျင်းပမည်ဖြစ်ပါသဖြင့်တရားတော်နာကြွရောက်နိုင်ကြောင်းသတင်းရရှိသည်။

(က-ပ)

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် **(FIFA)**နှင့် အာဆီယံဘောလုံးအဖွဲ့ချုပ် **AFF**တို့ ပူးပေါင်း၍ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်း **AFF/FIFA (Administration & Management Course)** ကို ဘရူနိုင်းနိုင်ငံ ဒါရုဆလမ်မြို့၌ ဧပြီ ၅ရက်မှ ၉ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်(ဂိုး)နှင့် ဦးကိုကိုသိန်းတို့ သင်တန်းသို့ တက်ရောက်ရန် ဧပြီ၄ရက်ကရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီတွေ့ရစဉ်။ (ကြေးမုံ)

မီးသတိပြု

# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဧပြီ ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဧပြီ ၃ ရက်ညနေ ၆ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာနိုင်ငံသံအမတ်ကြီးနေအိမ်သို့ ရောက်ရှိကြရာ သံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီးဒေါ်မာမာရှိန်၊ စစ်သံမှူး ဗိုလ်မှူးကြီးနေဝင်းနှင့်ဇနီး၊ ကောင်စစ်ဝန်ချုပ်ဦးစိုးပိုင်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများ၊ နယူးဒေလီမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၌ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် မြန်မာဆရာဝန်ကြီးများ၊ နယူးဒေလီမြို့၌ ပညာသင်ကြားလျက်ရှိသည့် သင်တန်းသား သင်တန်းသူများက ကြိုဆိုကြသည်။

ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးတို့ကလည်း ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးတို့အား သံအမတ်ကြီး၊ စစ်သံမှူးနှင့် ကောင်စစ်ဝန်ချုပ်တို့ ဦးဆောင်၍ သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ မြန်မာနိုင်ငံမှ လာရောက်တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများက ဂါရဝပြု ကန်တော့ကြသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်တို့က သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း တို့သည် သံအမတ်ကြီး၊ စစ်သံမှူး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ အခြားဝန်ထမ်းများအား နေအိမ်ခန်းမဆောင်၌ တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ရသည့် ရည်ရွယ်ချက်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်နေမှုများ၊ သံရုံးဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ကို ကိုယ်စားပြု၍ လုပ်ကိုင်ဆောင်ရွက်ရာ၌ ခံယူရမည့် သဘောထားများ၊ ပြည်ပသို့ရောက်ရှိနေသော မိမိတို့နိုင်ငံသားများအား ကူညီစောင့်ရှောက်ရန် လိုအပ်ပုံနှင့်မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့က ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရာ၌ အဓိကလိုအပ်လျက်ရှိသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပမည့် အခြေအနေ၊ အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိနေသော မြန်မာနိုင်ငံသားများအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုး ဖြစ်ထွန်းရေးအတွက် လုပ်ကိုင်ဖော်ဆောင်သင့်သည်များကို ဖြည့်စွက်ရှင်းလင်းမှာကြားကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများ၊ နယူးဒေလီမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၌ တာဝန်ထမ်းဆောင်နေကြသည့် မြန်မာဆရာဝန်ကြီးများ၊ ပညာတော်သင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး သံအမတ်ကြီး၊ စစ်သံမှူး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ အခြားဝန်ထမ်းများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

## ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၇

ရန်ကုန်တက္ကသိုလ် ၁၉၇၉ခုနှစ် ဘူမိဗေဒကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၂၇ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသားဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသော ကျောင်းသားဟောင်းများအနေဖြင့် ဦးထွန်းထွန်းဝေ ဖုန်း-၀၁-၂၉၉၀၈၅၊ ဦးအောင်ကျော်လှ ဖုန်း-၀၁-၇၀၉၀၉၄၊ ဦးဝင်းခိုင် ဖုန်း-၀၉-၅၁၆၀၀၆၉၊ ဦးတင်ဝင်း၊ ဖုန်း-၀၁-၂၂၅၇၄၇၊ ဦးမင်းချစ်စိန် ဖုန်း-၀၁-၅၅၆၅၈၄ Ext: ၄၀၄၊ ဦးသိန်းလွင် ဖုန်း-၀၁-၂၉၉၅၁၉နှင့် ဦးလှမော် ဖုန်း-၀၉-၅၀၁၀၆၀၈ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)


**မိုးထစ်ချုန်းရွာဖွယ်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း နယူးဒေလီမြို့ရှိ ဘုရားကျောင်းနှင့် ဝတ်ကျောင်းတော်တို့ကို ကြည့်ရှုလေ့လာ

နေပြည်တော် ဧပြီ ၇

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဧပြီ ၃ ရက် နံနက်ပိုင်းတွင် နယူးဒေလီမြို့ရှိ **Akshardham Temple** နှင့် ဘဟိုင်းသာသနာဝတ်ကျောင်းတော်တို့ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် Akshardham Temple သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ် မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ အား သီးသန့်ဧည့်ခန်းမဆောင်၌တာဝန် ရှိသူများက ဘုရားကျောင်း၏ သမိုင်း ကြောင်းနှင့် တည်ဆောက်ထားသော အနုပညာလက်ရာများ အကြောင်းကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များအားယဉ်ကျေး မှုအစဉ်အလာများနှင့်အညီထပ်မံကြိုဆို ကြပြီးနောက်တာဝန်ရှိသူများကဘုရား ကျောင်းတော်သို့ဖိတ်ခေါ်ပြသကြသည်။

ယင်းနောက် မြန်မာချစ်ကြည်ရေး အဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုနှင့် ဟိန္ဒူ ဘာသာရေး၏ အမွေအနှစ်အဖြစ် ကျောက်သားပေါ်တွင် ရုပ်လုံးဖော် တည်ဆောက်ထားသော အနုပညာ လက်ရာများ၊ ပန်းချီကားများနှင့် ရုပ်တုများကို လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

ထို့အပြင် အိန္ဒိယရှေးဟောင်း လူနေမှုဘဝအခြေအနေနှင့်ယဉ်ကျေးမှု တိုးတက်ပြောင်းလဲမှု အခြေအနေတို့ ကိုလှပသက်ဝင်စွာ ဖော်ညွှန်းပြသ ထားမှုများကိုလည်း ကြည့်ရှုလေ့လာ ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူး ကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဘဟိုင်းသာသနာတော် ဝတ်ကျောင်း တော်(Bahai Tample)သို့ ဆက်လက် သွားရောက်ကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဝတ်ကျောင်းတော်အတွင်း လှည့်လည် ကြည့်ရှုလေ့လာကြကာ မှတ်တမ်း တင်ဓာတ်ပုံများရိုက်ကြပြီး ပြန်လည် ထွက်ခွာခဲ့ကြသည်။

(သတင်းစဉ်)

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ နယူး ဒေလီမြို့ရှိ ဘဟိုင်းသာသနာ ဝတ်ကျောင်းတော်တွင် ကြည့်ရှု လေ့လာပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

## မဟာသင်္ကြန်ရက်များအတွင်း ပြည်သူများရေပြတ်လပ်မှု မရှိစေရန် စီစဉ်ထား

ရန်ကုန် ဧပြီ ၇

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု)က ၂၀၀၈ ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း ပြည်သူများ ရေပြတ်လပ်မှုမရှိစေရန် စီစဉ်ထားရှိရာ ဧပြီ ၁၃ရက် (သင်္ကြန်အကျနေ့)၊ ဧပြီ၁၄ရက်(သင်္ကြန်အကြတ်နေ့)၊ ဧပြီ၁၅ရက် (သင်္ကြန်ဒုတိယအကြတ်နေ့)နှင့် ဧပြီ ၁၆ရက် (သင်္ကြန်အတက်နေ့)တို့တွင် တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်နှင့် ဗိုလ်တထောင်မြို့နယ်တို့၌ ၂၄နာရီ ရေပေးဝေမည်ဖြစ်ပြီး ရန်ကုန်ဆေးရုံကြီးနှင့် အရေးကြီးနယ်မြေများကိုလည်း အလားတူ၂၄နာရီ ပေးဝေမည်ဖြစ်သည်။

ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ဗဟန်းနှင့် ဒဂုံမြို့နယ် များသို့ နံနက်၇နာရီမှ ၁၁နာရီအထိ တစ်ကြိမ်၊ ညနေ ၃နာရီမှ ၆နာရီထိ တစ်ကြိမ် နှစ်ကြိမ်ခွဲ၍ ရေပေးဝေမည်ဖြစ်ပြီး အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်တို့ကို နံနက်၇နာရီမှ ၁၀နာရီအထိ ရေပေးဝေသွားမည် ဖြစ်သည်။

မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊(တောင်ပိုင်း)နှင့် အရှေ့ပိုင်းမြို့နယ် များသို့ မူလရေပေးဝေချိန်အတိုင်းပေးဝေမည်ဖြစ်ပြီး ဧပြီ၁၇ရက်(နှစ်ဆန်းတစ်ရက်နေ့) တွင် မြို့နယ်အားလုံးသို့ ယခင်ပုံမှန် ရေပေးဝေချိန်အတိုင်း ပြန်လည်ပေး ဝေသွားမည်ဖြစ်သည်။

သတ်မှတ်ရေပေးချိန်အတွင်း ရေပိုက်များအရေးပေါ် ပြင်ဆင်ရန် လိုအပ် ပါက သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ တာဝန်ချထား သည့် ရေ/သန့်ဝန်ထမ်းများထံ အကူအညီ တောင်းခံနိုင်ပြီး အရေးတကြီး အကူအညီလိုအပ်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့် သန့်ရှင်းမှုဌာန ဖုန်း-၂၄၉၆၅၅၊ ၂၄၃၅၅၀၊၃၈၂၉၈၉၊ ၃၈၂၉၉၀၊ ၆၆၀၃၄၀ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၄-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ မြန်မာသင်္ကြန်
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ မြန်မာသင်္ကြန်
၅:၂၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၅ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မြန်မာသင်္ကြန်
၆:၂၅ ၁၄။ ဝတ်စားဆင်ယင် လှစေချင်
၆:၄၅ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း ချစ်သောဤကမ္ဘာ အပိုင်း(၁)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေး တေးကဗျာ
၂၀။ မွေးမြူသုတ
၂၁။ ဗွီစီဒီကျော်ကြား တေးများ
၂၂။ ယနေ့ညအတွက်မြဝတီ ၏တေးလက်ဆောင်
၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - သွေးသစ္စာခေါ်း အပိုင်း(၈)
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

## မဟာသင်္ကြန် သဲအင်းဂူတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၇

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆)ရပ်ကွက်၊ သာသနာဒီပ (သဲအင်းဂူ) ဝိပဿနာ ကမ္မဋ္ဌာန်း ကျောင်းတိုက်တွင် ကျေးဇူးတော်ရှင် သဲအင်းဂူဆရာတော်ကြီး၏ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာ တရားများကို တန်ခူးလဆန်း ၇ ရက် (ဧပြီ ၁၂ရက်)နေ့မှစ၍ တန်ခူးလဆန်း ၁၃ရက်(ဧပြီ ၁၈ရက်)သောကြာနေ့ အထိဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တ သိရိန္ဒ(သာသနာဒီပ) နှင့် ဦးဝိရိယ (ဖဝိုင်း တောင်ဥက္ကလာ)တို့က ဟော ကြားမည်ဖြစ်သည်။ ယောဂီဦးရေ ကန့်သတ်လက်ခံမည်ဖြစ်၍ တရား စခန်းဝင်လိုသူယောဂီများ ဧပြီ ၁၁ရက် နောက်ဆုံးထား၍အရောက်လာကြရန် နှိုးဆော်ထားကြောင်းသိရသည်။

(က-ပ)

## လှော်ကားဥယျာဉ် သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ယာယီပိတ်ထားမည်

နေပြည်တော် ဧပြီ ၇

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို ဧပြီ ၁၂ ရက် (သင်္ကြန်အကြိုနေ့) မှ ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)အထိ သင်္ကြန်ရက်များအတွင်း နှစ်စဉ်ပိတ်မြဲအတိုင်း ယာယီပိတ်ထားမည်ဖြစ်ပြီး အများပြည်သူများစိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူလေ့လာနိုင်ရန်အတွက် ဧပြီ၁၈ရက်မှစ၍ ယခင်အတိုင်း နံနက်၈နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရည်မှန်းချက်တာဝန်(၉)ရပ်ဖြင့် ရှေ့သို့ချီတက်နေသော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော်ဓာတ်အားပေးစနစ်(၄)

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်၊
ဓာတ်ပုံ - အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ဓာတ်အားပေး စက်ရုံကြီးများ တည်ဆောက်ပြီးနောက် ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို သုံးစွဲလိုသူ ပြည်သူလူထုထံအရောက် ပို့လွှတ်ရန်မှာ တောတောင်များအား ဖြတ်ကျော်၍လည်းကောင်း၊ မြစ်ချောင်းများအား ဖြတ်သန်း၍လည်းကောင်း၊ လူမရောက် လမ်းမပေါက်သည့် ဒေသများဖြစ်သည့်တိုင် မိုင်ရာနှင့်ချီ ရှည်လျားသော မဟာဓာတ်လိုင်းကြီးများကို အမြန်တည်ဆောက်ကြရပါသည်။

လမ်းပန်းဆက်သွယ်မှု ခက်ခဲသော တောတောင်အထပ်ထပ်သို့ များပြားလေးလံလှသော တည်ဆောက်ရေးလုပ်ငန်းပစ္စည်းများကို သယ်ယူရခြင်း၊ ပေ ၁၅၀ မှ ၂၀၀အထိမြင့်သော တာဝါတိုင်ကြီးများ တပ်ဆင်ရခြင်း၊ ပေ ၁၀၀၀ ကျော် ဝေးကွာသည့် တာဝါတိုင်တစ်တိုင်နှင့် တစ်တိုင်အကြားရှိ ကောင်းကင်ကြိုးများ တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရာတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် မိမိတို့၏အသက်ကိုထည့်တွက်နေခြင်းမရှိဘဲ ဒေသန္တရနှင့် ရာသီဥတုဒဏ်များအကြားမှ ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

ဇီးချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ

**ဓာတ်အားပို့လွှတ်ခြင်းနှင့် လက်ခံဖြန့်ဖြူးခြင်းလုပ်ငန်း**

၁၉၈၈ ခုနှစ်မတိုင်မီ တစ်နိုင်ငံလုံးတွင် တည်ဆောက်ပြီးစီးခဲ့သော မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများ၏အကျဉ်းချုပ်စာရင်းမှာအောက်ပါအတိုင်းဖြစ်သည်-

| ဗို့အား | လိုင်းအရေအတွက် (လိုင်း) | လိုင်းအရှည် (မိုင်) | ပင်မဓာတ်အားခွဲရုံ (ရုံ) | စုစုပေါင်းတပ်ဆင်အင်အား (အမ်ဗွီအေ) |
|---|---|---|---|---|
| ၂၃၀ ကေဗွီ | ၇ | ၅၆၈. ၉၈ | ၇ | ၇၃၀ |
| ၁၃၂ ကေဗွီ | ၁၂ | ၇၀၆. ၆၇ | ၁၀ | ၅၁၉ |
| ၆၆ ကေဗွီ | ၂၃ | ၄၈၂. ၃၇ | ၁၇ | ၃၈၂ |
| စုစုပေါင်း | ၄၂ | ၁၇၅၈. ၀၂ | ၃၄ | ၁၆၃၁ |

နိုင်ငံအနှံ့အပြားတွင် ဓာတ်အားပေးစက်ရုံကြီးများကို တည်ဆောက်ခဲ့ရာ ထိုဓာတ်အားပေးစက်ရုံကြီးများမှ ဓာတ်အားကို ဓာတ်အားသုံးစွဲသူများထံအရောက် ပို့လွှတ်ဖြန့်ဖြူးနိုင်ရန် ဗို့အားမြင့် မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံကြီးများ၊ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားဖြန့်ဖြူးရေး လိုင်းများအား အချိန်နှင့်တစ်ပြေးညီ လိုက်လျောညီထွေစွာ ထပ်မံတည်ဆောက်ခဲ့ရပါသည်။

မဟာ ဓာတ်အားလိုင်းများ သွယ်တန်းရန်အတွက် တိုင်ဆင် လုပ်သားကြီးများ ဤသို့ ကြိုးပမ်းခဲ့ကြသည်။

၁၉၈၈ ခုနှစ် နောက်ပိုင်းမှ ၂၀၀၈ ခုနှစ်အထိ တည်ဆောက်ပြီးစီးခဲ့သော မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများ၏ အကျဉ်းချုပ်နှင့် အသေးစိတ်စာရင်းတို့အား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**၁၉၈၈ ခုနှစ်နောက်ပိုင်းမှ ၂၀၀၈ခုနှစ် မတ်လအထိ တည်ဆောက်ပြီးစီးခဲ့သော ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ**

| ဗို့အား | လိုင်းအရေအတွက် (လိုင်း) | လိုင်းအရှည် (မိုင်) | ပင်မဓာတ်အားခွဲရုံ | စုစုပေါင်းတပ်ဆင်အင်အား (အမ်ဗွီအေ) |
|---|---|---|---|---|
| ၂၃၀ကေဗွီ | ၁၁ | ၃၄၇·၇၇ | ၁၃ | ၁၄၅၀·၀ |
| ၁၃၂ကေဗွီ | ၁၂ | ၄၆၃·၃၉ | ၁၉ | ၉၂၂·၆ |
| ၆၆ကေဗွီ | ၆၂ | ၉၆၉·၃၆ | ၆၅ | ၁၂၈၆·၈ |
| စုစုပေါင်း | ၈၅ | ၁၇၈၀·၅၂ | ၉၇ | ၃၆၅၉·၄ |

အထက်ပါ စာရင်းဇယား (၂)ခုကို နှိုင်းယှဉ်ကြည့်ပါက ၁၉၈၈ခုနှစ် မတိုင်မီကထက် မဟာဓာတ်အားလိုင်း အရေအတွက်(၂)ဆ၊ ဓာတ်အားလိုင်းမိုင်အရေအတွက်(၁၀၅)ရာခိုင်နှုန်းခန့် ထပ်မံတည်ဆောက်ခဲ့ရသကဲ့သို့ ပင်မဓာတ်အားခွဲရုံ အရေအတွက် (၃)ဆနီးပါးခန့်နှင့် တပ်ဆင်အင်အား (၂၂၀)ရာခိုင်နှုန်းကျော်အထိ တိုးတက်တည်ဆောက်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

တည်ဆောက်ပြီးစီးခဲ့သော မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများ၏ စာရင်းကို ပြုစုဖော်ပြအပ်ပါသည် -

(က) ၁၉၈၈ ခုနှစ်နောက်ပိုင်းမှ ၂၀၀၈ခုနှစ် မတ်လအထိ တည်ဆောက်ပြီးစီးခဲ့သော (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း (၁၁)လိုင်း

| စဉ် | မှ | သို့ | လိုင်း(မိုင်) | ပြီးစီးသည့်နှစ် |
|---|---|---|---|---|
| ၁ | သာစည် | နေပြည်တော်ပျဉ်းမနား | ၈၃·၁၃ | ၁၉၈၉ |
| ၂ | ပေါင်းလောင်း-၁ | နေပြည်တော်ပျဉ်းမနား | ၈·၃၀ | ၂၀၀၃ |
| ၃ | ပေါင်းလောင်း-၂ | နေပြည်တော်ပျဉ်းမနား | ၈·၀၀ | ၂၀၀၃ |
| ၄ | နေပြည်တော်ပျဉ်းမနား | တောင်တွင်းကြီး | ၆၀·၀၀ | ၂၀၀၄ |
| ၅ | ကမာနတ် | သထုံ | ၈၃·၃၀ | ၂၀၀၄ |
| ၆ | မြောင်းတကာ | ရွှေတောင်-လှော်ကား | ၁·၂၃ | ၂၀၀၅ |
| ၇ | မြောင်းတကာ | လှိုင်သာယာ | ၂၂·၄၀ | ၂၀၀၆ |
| ၈ | လှိုင်သာယာ | ဘုရင့်နောင် | ၆·၉၀ | ၂၀၀၆ |
| ၉ | လှိုင်သာယာ | အသုတ် | ၇၁·၃၂ | ၂၀၀၇ |
| ၁၀ | သဲဖြူ | နေပြည်တော်ပျဉ်းမနား-တောင်ငူ | ၂·၅၀ | ၂၀၀၇ |
| ၁၁ | သာယာကုန်း | တောင်ငူ-ကမာနတ် | ၀·၆၉ | ၂၀၀၈ |
| | | စုစုပေါင်း | ၃၄၇·၇၇ | |

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧

✧ စာမျက်နှာ (၆) သတင်းဆောင်းပါးမှအဆက်

(ခ) ၁၉၈၈ခုနှစ်နောက်ပိုင်းမှ ၂၀၀၈ခုနှစ် မတ်လအထိ တည်ဆောက်ပြီးစီးခဲ့သော (၁၃၂) ကေဗွီ မဟာဓာတ်အားလိုင်း (၁၂)လိုင်း

| စဉ် | မှ | သို့ | လိုင်း(မိုင်) | ပြီးစီးသည့်နှစ် |
|---|---|---|---|---|
| ၁ | ဆည်တော်ကြီး | လက်ပံလှ | ၄၅.၀၀ | ၁၉၈၉/၁၉၉၇ |
| ၂ | လက်ပံလှ | ကျောက်ပုထိုး | ၈၆.၆၇ | ၁၉၈၉/၁၉၉၇ |
| ၃ | ဘီလူးချောင်း(၁) | ဘီလူးချောင်း(၂) | ၃.၃၀ | ၁၉၉၂ |
| ၄ | ကင်းတား | အင်းကုန်း | ၂၈.၁၀ | ၁၉၉၈/၂၀၀၂ |
| ၅ | အင်းကုန်း | အောင်ပင်လယ် | ၃၃.၁၃ | ၁၉၉၈/၂၀၀၂ |
| ၆ | ညောင်ပင်ကြီး | မုံရွာ | ၁၂.၅၅ | ၂၀၀၂ |
| ၇ | မုန်း | ချောက် | ၆၀.၀၄ | ၂၀၀၄ |
| ၈ | ဘီလူးချောင်း(၂) | တီကျစ် | ၈၂.၇၈ | ၂၀၀၄ |
| ၉ | တီကျစ် | ကလော | ၁၅.၈၀ | ၂၀၀၄ |
| ၁၀ | ကျွန်းချောင်း* | ချောက် | ၂၅.၄၂ | ၂၀၀၅ |
| ၁၁ | သာစည် | မြင်းခြံ | ၇၀.၀၀ | ၂၀၀၇ |
| ၁၂ | ရတနာပုံ | မန္တလေး-ပြင်ဦးလွင် | ၀.၆၀ | ၂၀၀၇ |
| | | စုစုပေါင်း | ၄၆၃.၃၉ | |

* ကျွန်းချောင်း-ချောက် (၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်းသည် ယခင် (၆၆) ကေဗွီဓာတ်အားလိုင်းကို (၁၃၂) ကေဗွီ မဟာဓာတ်အားလိုင်းသို့ပြောင်းလဲတည်ဆောက်ခြင်းဖြစ်ပါ၍ လက်ရှိ စုစုပေါင်း ဓာတ်အားလိုင်း မိုင်အရှည်တွင် (၆၆)ကေဗွီ ဓာတ်အားလိုင်းစာရင်း၌ ထည့်သွင်းတွက်ချက်ထားခြင်းမရှိဘဲ (၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်း စာရင်းတွင်သာ ထည့်သွင်းတွက်ချက်ထားပါသည်။

(ဂ) ၁၉၈၈ ခုနှစ်နောက်ပိုင်းမှ ၂၀၀၈ခုနှစ် မတ်လအထိ တည်ဆောက်ပြီးစီးခဲ့သော (၆၆) ကေဗွီ ဓာတ်အားလိုင်း (၆၂)လိုင်း

| စဉ် | မှ | သို့ | လိုင်း(မိုင်) | ပြီးစီးသည့်နှစ် |
|---|---|---|---|---|
| ၁ | သာကေတ | သီတာ | ၆.၈၁ | ၁၉၉၁ |
| ၂ | သာကေတ | သီတာ(မြေအောက်) | ၆.၈၁ | ၁၉၉၁ |
| ၃ | သာကေတ | စိန်ပန်းမြိုင် | ၁၀.၂၅ | ၁၉၉၁ |
| ၄ | သာကေတ | စိန်ပန်းမြိုင်(မြေအောက်) | ၁၀.၂၅ | ၁၉၉၁ |
| ၅ | အလုံ | သီတာ(မြေအောက်) | ၄.၀၀ | ၁၉၉၁ |
| ၆ | ချောက် | ကျောက်ပန်းတောင်း | ၂၁.၄၀ | ၁၉၉၃ |
| ၇ | ဇော်ဂျီ(၁) | အောင်သပြေ | ၄၇.၄၇ | ၁၉၉၄ |
| ၈ | ချောက် | ပုဂံ | ၂၁.၀၀ | ၁၉၉၆ |
| ၉ | ဖောင်းတူ | ကမာနတ် | ၄၄.၉၈ | ၁၉၉၆ |
| ၁၀ | ဇော်ဂျီ(၁) | ဇော်ဂျီ(၂) | ၁၃.၂၅ | ၁၉၉၆ |
| ၁၁ | ပခုက္ကူ | ပခန်းကြီး | ၁၅.၃၇ | ၁၉၉၇ |
| ၁၂ | သာကေတ | ဒဂုံ(အရှေ့) | ၈.၃၂ | ၁၉၉၇ |
| ၁၃ | သာကေတ | ဘုရားကုန်း | ၆.၀၀ | ၁၉၉၈ |
| ၁၄ | ကျောက်ပုထိုး | ရွှေကူ | ၁၁၀.၄၀ | ၁၉၉၈ |
| ၁၅ | ရွှေကူ | ဗန်းမော် | ၄၂.၄၇ | ၁၉၉၈ |
| ၁၆ | ရွှေတောင် | ကျောက်စွယ်ကျိုး | ၃၂.၀၁ | ၁၉၉၈ |
| ၁၇ | ဒဂုံ(မြောက်) | သာကေတ-စိန်ပန်းမြိုင် | ၀.၀၆ | ၁၉၉၈ |
| ၁၈ | ကမြိုင်(ကပစ ၅) | (ပြည်-မြန်အောင်) | ၂.၅၀ | ၁၉၉၉ |
| ၁၉ | သရက် | ကပစ(၁၂) | ၈.၀၀ | ၁၉၉၉ |
| ၂၀ | အလုံ | ဆင်မလိုက်(မြေအောက်) | ၅.၀၀ | ၁၉၉၉ |
| ၂၁ | ရွှေတောင် | ဆင်တဲ | ၁၁.၅၀ | ၁၉၉၉ |
| ၂၂ | ဆင်တဲ | ညောင်ခြေထောက်(၂) | ၂၀.၀၀ | ၁၉၉၉ |
| ၂၃ | ဆင်မလိုက် | ရွာမ | ၆.၀၅ | ၂၀၀၀ |
| ၂၄ | ညောင်ဦး | မြင်းခြံ | ၃၆.၃၃ | ၂၀၀၁ |
| ၂၅ | သထုံ | မြိုင်ကလေး | ၁၆.၀၀ | ၂၀၀၁ |
| ၂၆ | တောင်တွင်းကြီး | ကိုးပင် | ၃၃.၀၀ | ၂၀၀၂ |
| ၂၇ | ကိုးပင် | အောင်လံ | ၃၃.၀၀ | ၂၀၀၂ |
| ၂၈ | ချောက် | တညောင် | ၁၄.၀၀ | ၂၀၀၂ |
| ၂၉ | မြင်းခြံ | ဆီမီးခုံ | ၂၂.၄၇ | ၂၀၀၂ |
| ၃၀ | ဥမင်ကိုးပေါက် | ချောက်-ပခန်းငယ် | ၂.၁၅ | ၂၀၀၂ |

(ဆက်လက်ဖော်ပြပါမည်။)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား အိန္ဒိယသမ္မတနိုင်ငံ Essar Oil Ltd. မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ တာ့ဂ်ျမဟာဟိုတယ်၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းတို့ အိန္ဒိယနိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးများ၊ ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဧပြီ ၇

**ချစ်ကြည်ရေးခရီးစဉ်တွင်အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်လိုက်ပါလျက် အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာနဝန်ကြီး** Mr. Murli Deora **အား ဧပြီ ၃ ရက် နံနက် ၁၁ နာရီခွဲတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီး၏ ရုံးညှိခန်းမသို့သွားရောက်တွေ့ဆုံခဲ့သည်။**

ယင်းသို့တွေ့ဆုံရာတွင် ရခိုင်ကမ်းလွန်ဒေသ၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာ ဖွေတူးဖော်ခြင်း ကိစ္စရပ်များ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ရေနံချက် စက်ရုံကိစ္စများနှင့် အခြားအကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဧပြီ ၂ ရက်တွင် ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် တည်းခိုရာ ဟိုတယ်၌ အိန္ဒိယသမ္မတနိုင်ငံ Engineers India Ltd. မှဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ Angelique International Ltd. မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလည်းကောင်း သီးခြားစီ လက်ခံတွေ့ဆုံ၍ ရေနံဓာတုဗေဒလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးကြသည်။

အလားတူ ဧပြီ ၃ ရက်တွင်လည်း ဝန်ကြီးသည် Indian Oil Corporation Ltd. (IOCL), Oil and Natural Gas Corporation (ONGC)၊ Gas Authority of India Ltd. နှင့် Essar Oil Ltd. တို့မှ သက်ဆိုင်ရာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် များအား သီးခြားစီလက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံ ကမ်းလွန်လုပ်ကွက်များ၌ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ ရေနံချက်စက်ရုံကိစ္စများ၊ မော်တော်ယာဉ်များ၌ သဘာဝဓာတ်ငွေ့ ပြောင်းလဲသုံးစွဲခြင်း ကိစ္စများ၊ ရေနံဓာတုဗေဒလုပ်ငန်းကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် အိန္ဒိယသမ္မတနိုင်ငံ Bharat Heavy Electrical Ltd. မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တည်းခိုရာဟိုတယ်၌ ဧပြီ ၃ ရက် ညနေပိုင်းတွင် လက်ခံတွေ့ဆုံ၍ လျှပ်စစ်နှင့် စက်မှုပိုင်းဆိုင်ရာပစ္စည်းများကိစ္စ၊ Hydraulic Steel Structure ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

## ပူးပေါင်းဆောင်ရွက်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် Infrastructure Leasing and Financial Services Ltd. မှ မန်နေဂျင်းဒါရိုက်တာ D.K Mittal နှင့် အဖွဲ့အား ဆက်လက်၍ လက်ခံတွေ့ဆုံကာ ချင်းတွင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

**အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား အိန္ဒိယသမ္မတနိုင်ငံ Bharat Heavy Electrical Ltd. မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ တာ့ဂ်ျမဟာဟိုတယ်၌ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

**နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်**

မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

✧ ကျောဖုံးမှ

ထည့်သွင်းဌာပနာကာ စေတီပုထိုးတော်များ တည်ထား ကိုးကွယ်ခဲ့ကြသည်။ ထို့နောက်ပိုင်းတွင် ဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများ ထပ်မံပွားများ တည်ထားခဲ့ကြသော်လည်း သာသနာတော် ဆုတ်ယုတ်ကျဆင်းလာသည်နှင့် အမျှ သာသနာ့အဆောက်အအုံများ ပြိုကျပျက်စီး၍ ချုံနွယ်များ ပိတ်ဖုံးကာ ပျောက်ကွယ်ခဲ့ရသည်။ နောက်ပိုင်း(၁၉)ရာစုနှစ်စောစောပိုင်းမှသာ ယခုကဲ့သို့ ရှေးဟောင်း အမွေအနှစ်များကို ပြန်လည်တူးဖော်တွေ့ရှိ ထိန်းသိမ်းစောင့်ရှောက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးတို့သည် သီရိလင်္ကာ ဗုဒ္ဓဘာသာအသင်းက ဆောက်လုပ်လှူဒါန်းထားသည့် သီရိလင်္ကာ သိမ်တော်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီးများဖြင့် ထွန်းညှိပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သာသနာ့ အဆောက်အအုံများ ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် ဗုဒ္ဓဘာသာပြန့်ပွားရေး တို့အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ သိမ်ကျောင်း ဆရာတော်က ဓမ္မလက်ဆောင်အဖြစ် အာသောကမင်း ဆောက်လုပ်လှူဒါန်း ကိုးကွယ်တော်မူသည့် ပုံတူရွှေပုထိုးတော်ကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဆန်ချီဒေသမှ ဘိုပါးလ်သို့ ပြန်လည်ထွက်ခွာပြီး မွန်းလွဲပိုင်းတွင် အထူး လေယာဉ်ဖြင့်ဘိုပါးလ်မြို့မှ ဂူဂျရက်ပြည်နယ် ဂျမ်နာဂါမြို့သို့ ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

## ပေးအပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ ဘိုပါးလ်မြို့ ဆန်ချီဒေသရှိ သာသနာ့အဆောက်အအုံများ ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် ဗုဒ္ဓဘာသာပြန့်ပွားရေးတို့အတွက် အလှူတော်ငွေများကို သိမ်ကျောင်း ဆရာတော်ထံ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ ဝန်ကြီး ဦးစိုးသာနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းတို့ တက်ရောက်

နေပြည်တော် ဧပြီ ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ အိန္ဒိယချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာကြသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် အိန္ဒိယသမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံဆွေးနွေးရာ၌ အိန္ဒိယသမ္မတနိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီး Shri Jairam Ramesh နှင့် Federation of Indian Chambers of Commerce and Industry(FICCI) ဥက္ကဋ္ဌ Mr. Daya Krishna Goyal ဦးဆောင်သော အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြပြီး တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၃ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယကုန်သည်ကြီးများအသင်းချုပ် အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ရှေးဦးစွာ အိန္ဒိယသမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ Mr. Daya Krishna Goyal နှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့် တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Shri Jairam Ramesh နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းတို့က နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး နှင့် ကုန်သွယ်မှု ပိုမိုတိုးတက်ရေး တို့အတွက် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အခြေအနေနှင့် အလားအလာ တို့ကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် အမျိုးသားစီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက မြန်မာနိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ ကုန်သွယ်မှု အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊နှစ်နိုင်ငံလက်ရှိပူးပေါင်း ဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်း အခြေအနေများကို ရှင်းလင်းပြီး မြန်မာစီးပွားရေး လုပ်ငန်းရှင်များနှင့် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအား ကုန်သည် အသင်းအဖွဲ့များက ဦးဆောင်၍ အပြန်အလှန် ဖိတ်ကြား လည်ပတ်ပြီး ရင်းနှီးစွာ ဆွေးနွေး ဆောင်ရွက်နိုင်ခြင်းဖြင့် ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ဆောင် ရွက်ကြရန် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ နှစ်ဖက်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်တို့၏ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် နှစ်ဖက်စီးပွားရေး လုပ်ငန်းရှင်များ အချင်းချင်း ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြပြီး တွေ့ဆုံ ဆွေးနွေးပွဲကို ညနေ၆နာရီ တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့ မြန်မာစီးပွားရေးလုပ်ငန်း ရှင်များနှင့် အိန္ဒိယသမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ တွေ့ဆုံ ဆွေးနွေးပွဲသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

# အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။
( ၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
( ၉) ကိုယ်ပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက် ကောင်းသော နေရာမျိုးတွင် နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၄-၂၀၀၈ (အင်္ဂါနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "အနိစ္စဝိဘင်္ဂ သိစေချင်" တရားတော် [ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် (ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)] |
| ၇း၅၅ - ၁း၅၅ | အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "တကူးကူးကူ တေးစီးရီးမိတ်ဆက်" |
| ၈း၁၅ - ၂း၁၅ | Sunday Talk |
| ၉း၁၀- ၃း၁၀ | ခါသင်္ကြန်အဆိုအက |
| ၉း၂၀ - ၃း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၀ - ၃း၃၀ | ချင်းတောင်တန်းမှသည် ရတနာလင်္ကာရ သာသနာပြုကျောင်းတိုက်သို့ |
| ၁၀း၀၀ - ၄း၀၀ | ခါသင်္ကြန်အဆိုအက |
| ၁၀း၀၅ - ၄း၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၁၀ - ၄း၁၀ | Biz Net |
| ၁၀း၂၅ - ၄း၂၅ | ခါသင်္ကြန်အဆိုအက |
| ၁၀း၃၅ - ၄း၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၀ - ၄း၄၀ | လောကုတ္တရာနှင့်သွားမှနိဗ္ဗာန်စံရတရားတော် [ဒေါက်တာ ချစ်ငယ်(ဒဿန) Ph.D] |
| ၁၀း၅၅ - ၄း၅၅ | ခါသင်္ကြန်အဆိုအက |
| ၁၁း၀၅ - ၅း၀၅ | ထေရဝါဒသာသနာ နေရောင်လပမာထွန်းလင်းမှာမလွဲ တိပိဋကရွေးချယ်ပွဲနှင့် ပရိယတ္တိပထမပြန်စာမေးပွဲ |
| ၁၁း၁၀ - ၅း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၂၀ - ၅း၂၀ | စက္ကူကုသမြတ်ဒါန |
| ၁၁း၄၀ - ၅း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၅ - ၅း၄၅ | ခါသင်္ကြန်အဆိုအက |
| ၁၁း၅၅ - ၅း၅၅ | ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)ပြင်ဦးလွင်မြို့(အပိုင်း-၂) |
| ၁၂း၂၀ - ၆း၂၀ | Music Gallery "မာစတာသင်္ကြန်-၂" |
| ၁၂း၄၀ - ၆း၄၀ | ရန့်သင်းမွှေးသင်္ကြန်ထမင်းအေးအေးလေး |
| ၁၂း၅၀ - ၆း၅၀ | ခါသင်္ကြန်အဆိုအက |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

**Champion League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁း၀၀ | Liverpool-Arsenal | ESPN (Live) |
| ၁း၀၀ | Chelsea-Fenerbahce | Star Sport(Live) |

**English Premier League ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၃း၃၀ | West Ham-Portsmouth | ESPN (SDD) |

## ၁၃၆၉-၁၃၇၀ ခုနှစ်အတွက် မဟာသင်္ကြန် အခါတော်နှင့် (အကျ-အကြတ်-အတက်) ရက်နှင့် မြန်မာ-ရခိုင် ဝါဆို-ဝါကပ် လ-ရက်များ

၁။ မဟာသင်္ကြန် အကျရက်
- ဇေယတု-မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ရက်၊ တနင်္ဂနွေနေ့။
- ရခိုင်သက္ကရာဇ် ၁၃၆၉ခုနှစ် တာကူးလဆန်း ၈ရက်၊ တနင်္ဂနွေနေ့။
- ခရစ်နှစ်-၂၀၀၈၊ ဧပြီလ ၁၃ ရက်၊ တနင်္ဂနွေနေ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် ညစက် ၉ နာရီ ၃ မိနစ် ဝစက္ကန့်အချိန်တွင် မဟာသင်္ကြန် အကျဖြစ်သည်။

၂။ မဟာသင်္ကြန် အကြတ်ရက်
- မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၉ရက်၊ ၁၀ရက်၊ တနင်္လာ၊ အင်္ဂါနေ့ (၂ ရက်)။
- ရခိုင်သက္ကရာဇ် ၁၃၆၉ခုနှစ် တာကူးလဆန်း ၉ရက်၊ ၁၀ရက်၊ တနင်္လာ၊ အင်္ဂါနေ့ (၂ ရက်)။
- ခရစ်နှစ် ၂၀၀၈၊ ဧပြီလ ၁၄ ရက်၊ ၁၅ ရက် (၂)ရက် တနင်္လာ၊ အင်္ဂါနေ့သည် မဟာသင်္ကြန် အကြတ်ရက်ဖြစ်သည်။

၃။ မဟာသင်္ကြန်အတက်ရက်
- မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁ရက် ဗုဒ္ဓဟူးနေ့အဝင်။
- ရခိုင်သက္ကရာဇ် ၁၃၆၉ ခုနှစ်၊ တာကူးလဆန်း ၁၁ ရက် ဗုဒ္ဓဟူးနေ့အဝင်။
- ခရစ်နှစ် ၂၀၀၈၊ ဧပြီလ ၁၆ ရက် ဗုဒ္ဓဟူးနေ့သည် အဝင် မဟာသင်္ကြန်အတက်ရက်ဖြစ်သည်။
- မြန်မာစံတော်ချိန် နံနက်၁နာရီ ၇ မိနစ် ၄၁ စက္ကန့်တွင် မဟာသင်္ကြန်အတက်ရက်ဖြစ်ပါသည်။

၄။ မြန်မာ- ရခိုင် နှစ်ဆန်း ၁ရက်
- မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ်၊ ဦးတန်းခူးဆန်း ၁၂ ရက် ကြာသပတေးနေ့။
- ရခိုင်သက္ကရာဇ် ၁၃၇၀ ပြည့်နှစ်၊ တာကူးလဆန်း ၁၂ ရက် ကြာသပတေးနေ့။
- ခရစ်နှစ် ၂၀၀၈၊ ဧပြီလ ၁၇ရက် ကြာသပတေးနေ့သည် မြန်မာ- ရခိုင် နှစ်ဆန်း ၁ရက်နေ့ဖြစ်ပါသည်။

၅။ ၁၃၇၀ ပြည့်နှစ်တွင် အဓိမာသ- အချာဟ (လထပ်-ရက်ငင်) မရှိသောကြောင့်
- ဗုဒ္ဓဘာသာ သာသနာတော် ဝန်ထမ်း၊ ရဟန်းတော်အရှင်သူမြတ်တို့မှာ
- မြန်မာ-ရခိုင် ၁၃၇၀ ပြည့် ဝါဆိုလပြည့်ကျော် ၁ရက် သောကြာနေ့
- ခရစ်နှစ် ၂၀၀၈၊ ဇူလိုင်လ ၁၈ ရက် သောကြာနေ့တွင် ပထမ ပုရိမဝါကပ်တော်မူကြ၍
- မြန်မာ- ရခိုင် ၁၃၇၀ ပြည့် ဝါခေါင်လပြည့်ကျော် ၁ ရက် တနင်္ဂနွေနေ့
- ခရစ်နှစ် ၂၀၀၈၊ ဩဂုတ်လ ၁၇ ရက် တနင်္ဂနွေနေ့တွင် ဒုတိယ ပစ္ဆိမဝါကပ် ဆိုတော်မူကြရမည်ဖြစ်ပါသည်။

## မိုးကုတ်ဝိပဿနာ ၁၀ ရက်စခန်းပွဲ

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးတိုက် မဏိရတနာကျောင်း မိုးကုတ်ဝိပဿနာရိပ်သာ၌ (၇၆)ကြိမ်မြောက် သင်္ကြန်တွင်း ၁၀ရက် စခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၂၀ ရက်ထိ ကျင်းပမည်ဖြစ်သည်။ ယင်းစခန်းပွဲတွင် မဏိရတနာကျောင်း ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပဏ္ဍဝံသမှ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း အလုပ်ပေးတရားများကို ဟောကြားပြသမည်ဖြစ်သဖြင့် စခန်းဝင်လိုသော ယောဂီများသည် ဧပြီ ၁၀ ရက် ညနေ ၅ နာရီ အရောက် ကြွရောက်ကြရန်နှင့် ဖုန်း-၆၉၀၄၀၆သို့ ဆက်သွယ်သတင်းပို့နိုင်ကြောင်း သိရသည်။ (က-ပ)

## ကန်တော်ကလေး ထီးတန်း ဓမ္မာရုံအသင်းကြီး စုပေါင်းရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာပွဲတော်

ရန်ကုန် ဧပြီ ၇

အသင်းကြီးနှင့် အလှူဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ဧပြီ ၁၀ရက်တွင် စုပေါင်း ရဟန်းခံ၊ရှင်ပြုအလှူမင်္ဂလာပြုပြီး ဧပြီ ၁၁ ရက်မှ ၁၇ရက်အထိ နံနက်တိုင်း ရဟန်းသာမဏေအပါး ၅၀ တို့သည် နှစ်စဉ်ကဲ့သို့ (ကန်/နောက်)ရပ်ကွက်၊ ၈၇ လမ်း၊ ၈၈ လမ်း၊ ၈၉လမ်း၊ လမ်း ၉၀၊ မန္တလေး လမ်းများနှင့်(ကန်/ရှေ့)ရပ်ကွက်၊ ၉၁ လမ်း၊ (ကန်/တောင်) ရပ်ကွက်၊ မန္တလေးလမ်း၊ ဗိုလ်မင်းရောင်လမ်း၊ ဦးဖိုးကျားလမ်း၊ ဓမ္မာရုံလမ်း ၉၁ လမ်း များသို့ ဆွမ်းခံကြွရောက်တော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## မော်လမြိုင် ကျိုက်ဓာတ်သုတ်(မုပွန်) တရားစခန်း

ရန်ကုန် ဧပြီ ၇

မော်လမြိုင်မြို့ လယ်တီဆရာသက်ကြီး ဝိပဿနာအဖွဲ့မှ ကြီးမှူး၍ မော်လမြိုင်မြို့ ကျိုက်ဓာတ်သုတ်(မုပွန်) စေတီတော်မြတ်ကြီးတွင် ဧပြီ ၁၁ရက် ညမှ ၁၉ရက် နံနက်အထိ ခုနစ်ရက်တရားစခန်း ကျင်းပမည်ဖြစ်သဖြင့် သိရှိလိုသည်များကို ဥက္ကဋ္ဌ ဆရာကြီး ဦးတင်ဦး၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး အောင်ခင်ကျော်ဖုန်း-၀၅၇-၂၄၀၄၇၊အတွင်းရေးမှူး ဒေါက်တာဦးသောင်းမြင့် ဖုန်း-၀၅၇-၂၂၈၉၉ နှင့် ကျိုက်ဓာတ်သုတ်(မုပွန်) ဂေါပကအဖွဲ့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ဖြူးမဟာစည် သိမ်တော် လှူဒါန်းမည်

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ အရှင်မြတ် သီတင်းသုံးတော်မူသော ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်အတွင်း၌ ဆောက်လုပ်ဆဲဖြစ်သော သာသနဝုဗိုကာရီ သိမ်တော်မြတ်ကြီးကို အကျိုးတော်ဆောင်အဖွဲ့နှင့် ဒါယကာ၊ ဒါယိကာမများက စုပေါင်းလှူဒါန်းမည်ဖြစ်ရာ ကုသိုလ်ပါဝင်လိုသူများသည် ဖြူးမဟာစည်ရိပ်သာ ဖုန်း- ၀၁-၅၃၀၀၆၈၊ ၀၁-၅၀၁၈၄၆၊ လိုင်းခွဲ (၁၈၁)၊ ၀၉၅ ၀၁၇၅၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၄-၂၀၀၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်း ဆရာတော်ကြီး၏ ပရိတရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | ခါသင်္ကြန် အဆိုအကများ |
| ၇း၅၀ | ၅။ | ယဉ်ကျေးလိမ္မာ (၃၈)ဖြာ မင်္ဂလာ |
| ၈း၀၀ | ၆။ | မြူးမြူးကြွကြွ ယဉ်ကျေးမှုအက |
| ၈း၃၀ | ၈။ | International News. |
| ၈း၄၀ | ၉။ | Local Telent. |
| ၈း၅၀ | ၁၀။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၅ | ၂။ | ခါသင်္ကြန် အဆိုအကများ |
| ၄း၂၅ | ၃။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း) |
| ၄း၄၀ | ၄။ | အတီးပြိုင်ပွဲ |
| ၄း၅၅ | ၅။ | ခါသင်္ကြန် အဆိုအကများ |
| ၅း၀၀ | ၆။ | ဆိုကြမယ် ပျော်ကြမယ် |
| ၆း၀၀ | ၇။ | ညနေခင်းသတင်း |
| ၆း၃၀ | ၈။ | မိုးလေဝသအခြေအနေ |
| ၆း၃၅ | ၉။ | ကြယ်ပွင့်များရဲ့ ရင်ခုန်သံ |
| ၆း၅၀ | ၁၀။ | သုတစုံလင် ရွှေညာဏ်ရှင် |
| ၇း၁၀ | ၁၁။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တယ်--ချစ်တယ်" (အပိုင်း၁၃)** |
| ၈း၀၀ | ၁၂။ | ပြည်တွင်းသတင်း |
| | ၁၃။ | နိုင်ငံတကာသတင်းများ |
| | ၁၄။ | မိုးလေဝသအခြေအနေ |
| | ၁၅။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာမျဉ်းပြိုင်" (အပိုင်း-၁၉)** |
| | ၁၆။ | နောက်တစ်နေ့ အစီအစဉ် |
| | ၁၇။ | အစီအစဉ်ပြီး၏။ |

# နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသခြင်း အောင်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်စီစဉ်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သော နေပြည်တော်ပျဉ်းမနားခရိုင် အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသခြင်း အောင်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ခုတင်(၃၀၀) ပြည်သူ့ဆေးရုံ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နေပြည်တော်ပျဉ်းမနားခရိုင် နယ်မြေတာဝန်ခံ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကား ပြောကြားသည်။ ဆက်လက်၍ မျက်စိဝေဒနာရှင်များအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ လှူဒါန်းငွေ ကျပ် ၁၀သိန်းကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကိုယ်စား စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်ကလည်းကောင်း၊ Mother Trading Co.,Ltd.မှ ဦးအောင်မြတ်နှင့် ဒေါက်တာ မောင်မောင်အေးနှင့် ဇနီး ဒေါ်မိမိလှိုင် (မိုးထက်ကမ္ဘာကုမ္ပဏီ)၏ အလှူငွေကျပ်သိန်း ၃၀၀ကို ဦးအောင်မြတ်က လည်းကောင်း ပေးအပ်လှူဒါန်းရာ နေပြည်တော်ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဋ္ဌေးက လက်ခံသည်။

ထို့နောက် မျက်စိခွဲစိတ်ကုသပြီး လူနာတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ဗဟိုအလုပ်အမှုဆောင်၊ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူများက ခွဲစိတ်ကုသပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်၊ ဆေးဝါးနှင့် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ မျက်စိ(အခမဲ့) ဆေးဝါးကုသမှုကို ဧပြီ ၄ ရက်မှ ၆ ရက်အထိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က ဦးဆောင်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာဦးတင်ဝင်း၊ ဒေါက်တာဒေါ်နီလာသိန်း၊ မျက်စိအထူးကု ဆရာဝန်များဖြစ်သည့် ဒေါက်တာခင်သန်းနွဲ့၊ ဒေါက်တာရီရီအောင်၊ ဆေးရုံအုပ် ဒေါက်တာ အောင်သင်းတို့က ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြပြီး ပြင်ပလူနာ ၂၈၆၂ ဦး၊ မျက်စိခွဲစိတ်လူနာ ၄၁၁ဦးတို့အား အခမဲ့ ခွဲစိတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မျက်စိခွဲစိတ်ကုသပြီး ဝေဒနာရှင်များအား ဆောင်ရန် ရှောင်ရန် အချက်များကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မျက်စိ ဝေဒနာရှင်များအား ဆရာဝန်ကြီးများ စမ်းသပ်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ကိုလံဘီယာနိုင်ငံ အရှေ့တောင်ဘက် စန့်ဂျို့စ်ဒီလ်ဂူအာဗီအာရီတွင် ကုန်စည်များအား ရဲတပ်ဖွဲ့ဝင်များက ဧပြီ ၅ရက်တွင် စစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အာကာသ စူးစမ်းရေး အစီအစဉ် ၇၀ အိန္ဒိယဆောင်ရွက်မည်

နယူးဒေလီ ဧပြီ ၆

အိန္ဒိယနိုင်ငံသည် အာကာသစူးစမ်းရေးနှင့် ပတ်သက်သော အစီအစဉ် ၇၀ ကို လာမည့် ငါးနှစ်အတွင်း ဆောင်ရွက်ရန်ရှိကြောင်း အင်ဒီတီဗီရုပ်သံဌာနက ဧပြီ ၄ ရက်တွင် ထုတ်လွှင့်သည်။

ဒသမအကြိမ် စီမံကိန်းကာလအတွင်းက အာကာသလေ့လာရေးအစီအစဉ် ၂၆ ခုသာ ပြုလုပ်နိုင်ခဲ့ရာမှ လာမည့် ကာလအတွင်း စီမံကိန်းအရေအတွက်ကို အခု ၇၀ အထိ တိုးမြှင့်လိုက်ခြင်းဖြစ်သည်ဟု အိန္ဒိယ အာကာသ သုတေသနအဖွဲ့၏ ဥက္ကဋ္ဌ ဂျီမက်ဟာဗာန်နာအီရာက ပြောကြားသည်။

ထပ်ဆင့်ရုပ်သံလွှင့်ထုတ်ခြင်းမိုက်ကရိုလှိုင်းအသုံးပြု၍ အဝေးမှ ထိန်းချုပ်လေ့လာရေးစနစ်နှင့် အနာဂတ်တွင် လိုအပ်လာမည့် နည်းပညာသစ်များကို စူးစမ်းသွားရန် ရည်ရွယ်ကြောင်း နာအီရာက ဆက်လက်ပြောကြားသည်။

အနာဂတ်ကာလတွင် လူလိုက်ပါသော အာကာသအစီအစဉ်များ လွှတ်တင်နိုင်ရေး အကြိမ်ကြိမ်ပြန်သုံးနိုင်သော ဂြိုဟ်တုပစ်လွှတ်ရေးစသော အစီအစဉ်များ ဆောင်ရွက်နိုင်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အိန္ဒိယနိုင်ငံ၏ အာကာသဖွံ့ဖြိုးရေး လုပ်ငန်းသုံးစွဲရန်အတွက် ၂၀၀၈ ခုနှစ် ၂၀၀၉ ခုနှစ် ဘတ်ဂျက်တွင် ခွင့်ပြုငွေသည် အမေရိကန် ဒေါ်လာ သန်း ၁၂၀ ရှိသည်။

*အမ်အင်အေ၊ဆင်ဟွာ။*

# ဘီ-၁ဗုံးကြဲလေယာဉ် ကာတာ၌ မီးလောင်

ဝါရှင်တန် ဧပြီ ၆

အမေရိကန်နိုင်ငံမှ ဘီ-၁ ဗုံးကြဲလေယာဉ်တစ်စင်းသည် ဧပြီ ၄ ရက်က ကာတာနိုင်ငံရှိ လေတပ်စခန်းတွင် မီးလောင်ခဲ့ကြောင်း၊ ဖြစ်ပွားရခြင်းအကြောင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အမေရိကန်ကာကွယ်ရေးရုံးက ပြောကြားသည်။

ဘီ-၁ ဗုံးကြဲ လေယာဉ်သည် လောင်စာဆီ မဖြည့်ရဘဲ ခရီးဝေးပျံသန်းနိုင်စွမ်းရှိသည့် လေယာဉ်အမျိုးအစားဖြစ်သည်။

*အမ်အင်အေ၊ရိုက်တာ။*

# ကမ္ဘာတစ်ဝန်း လူ ၁၃၀၀၀၀ ခန့် တရုတ်ဘာသာစကား စာမေးပွဲဖြေဆို

ပေကျင်း ဧပြီ ၆

ကမ္ဘာတစ်ဝန်းမှ လူ ၁၃၀၀၀၀ ခန့်သည် ၂၀၀၇ ခုနှစ်တွင် တရုတ်ဘာသာစကား စာမေးပွဲ ဝင်ရောက်ဖြေဆိုကြကြောင်း တရုတ်နိုင်ငံခြားဘာသာစကားသင်ကြားရေးရုံးက ပြောကြားသည်။

နိုင်ငံပေါင်း ၃၅ နိုင်ငံတွင် စာစစ်ဌာန ၆၆ နေရာ၌ တရုတ်ဘာသာစကား စာမေးပွဲကို ပြုလုပ်ခဲ့ကြောင်း တနင်္ဂနွေနေ့တွင် ထိုရုံးမှ ပြောကြားသည်။

ကမ္ဘာ့အနှံ့အပြားရှိ သန်း ၄၀ ကျော်သော နိုင်ငံခြားသားများက တရုတ်ဘာသာစကားကို စိတ်ဝင်စားကြကြောင်း ယင်းရုံးက ဆက်လက်ပြောကြားသည်။ ၂၀၀၄ ခုနှစ်ကတည်းက ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၆၆ နိုင်ငံတွင် တရုတ် ယဉ်ကျေးမှုနှင့် ဘာသာစကား လေ့လာမှု တိုးမြှင့်လာစေရန် ရည်ရွယ်ပြီး တရုတ်ဘာသာစကားသင်တန်းကျောင်း ၂၂၆ ကျောင်းကို ထူထောင်ခဲ့သည်။

*အမ်အင်အေ၊ဆင်ဟွာ။*

ဇင်ဘာဘွေနိုင်ငံတွင် ပြုလုပ်သော ရွေးကောက်ပွဲရလဒ်နှင့် ပတ်သက်၍ ဟာရာရေးမြို့တွင် ဇာနူး-ပီအက်ဖ် ပါတီကို ထောက်ခံသူများ ဧပြီ ၄ ရက်က ကန့်ကွက် ဆန္ဒပြနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# မယ်စကြဝဠာရွေးပွဲ-၂၀၀၈ ဇူလိုင်လတွင် ဗီယက်နမ်၌ ကျင်းပမည်

ဟနွိုင်း ဧပြီ ၆

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ခန့်ဟိုရာပြည်နယ် နာတရန့်မြို့၌ ဇူလိုင် ၁၄ ရက်တွင် မယ်စကြဝဠာ-၂၀၀၈ နောက်ဆုံးရွေးချယ်ရေး အစီ အစဉ်ကို ပြုလုပ်မည်ဖြစ်ကြောင်း သောကြာနေ့ထုတ် လူငယ်သတင်းစာက ရေးသားဖော်ပြသည်။

## ရောက်ရှိမည်

ပြိုင်ပွဲဝင်သူ ၈၀ ကျော်သည် ဇွန် ၁၅ ရက်မှစ၍ ဗီယက်နမ်သို့ ရောက်ရှိလာမည်ဖြစ်သည်။

အမေရိကန်ဒေါ်လာ ခုနစ်သန်း ကုန်ကျခဲ့ပြီး လူ ၇၅၀၀ ဆံ့သည့် ကရောင်း ကွန်ဗင်းရှင်းစင်တာတွင် မယ်စကြဝဠာ နောက်ဆုံးပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

## ပူးပေါင်း

ဗီယက်နမ်နိုင်ငံ၏ ဖျူနန် ကျောက်မျက်ကုမ္ပဏီနှင့် စတော့ကုမ္ပဏီတို့ ပူးပေါင်း၍ အမေရိကန်ဒေါ်လာ ၂၀၀၀၀၀မှ၂၅၀၀၀၀ တန်ဖိုးရှိ မယ်စကြဝဠာ-၂၀၀၈ သရဖူကို ချီးမြှင့်မည်ဖြစ်သည်။

*အမ်အင်အေ၊ဆင်ဟွာ။*

# နီပေါနိုင်ငံ တောင်ဘက်၌ ပေါက်ကွဲမှုများဖြစ်ပွား

ခတ္တမန္ဒူ ဧပြီ ၇

နီပေါနိုင်ငံ မြို့တော် ခတ္တမန္ဒူတောင်ဘက်တွင် ဧပြီ ၄ ရက်ညပိုင်းက ပေါက်ကွဲမှု သုံးကြိမ်ဖြစ်ပွားခဲ့သည်။

## ပေါက်ကွဲ

ခတ္တမန္ဒူ မြို့နယ်စပ် လာလစ်ပူရာ ခရိုင် တောင်ဘက်ရှိ ဘဂ္ဂမာတီမြစ်တွင် ဒေသစံတော်ချိန် ည ၇ နာရီခွဲခန့်က ပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားခဲ့သည်။

ကူမွန်ဒိုလီဒေသရှိ ခရိုင်ရွေးကောက်ပွဲရုံးရှေ့တွင် ပေါက်ကွဲမှုတစ်ကြိမ်ဖြစ်ပွားပြီး ဒုတိယပေါက်ကွဲမှုမှာ ဟာရီဟာဘာဝင်ဒေသရှိ ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရုံးအနီး၌ ဖြစ်ပွားခဲ့သည်။

ယင်းအချိန်ဝန်းကျင်၌ တတိယပေါက်ကွဲမှုသည် ခတ္တမန္ဒူမြို့ အနောက်တောင်ဘက် ကာဒီမူရာဒေသတွင် ဖြစ်ပွားခဲ့ပြီး လာလစ်မူဝါ ခရိုင်သို့သွားရာလမ်းကြောင်း ပိတ်ခဲ့ရသည်။

## ကျင်းပ

နီပေါနိုင်ငံ၌ ဧပြီ ၁၀ ရက်တွင် တိုင်းပြု ပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ ကျင်းပရန်ရှိသည်။ ဘုရင်အုပ်ချုပ်ရေး စနစ်ကို ပြောင်းလဲပြီး တိုင်းပြုပြည်ပြု လွှတ်တော်ဖြင့် အနာဂတ်နိုင်ငံရေး တည်ထောင်ဖို့ ဆုံးဖြတ်ရန် ဖြစ်သည်။

*အမ်အင်အေ၊ဆင်ဟွာ။*

# ဗြိတိန်နိုင်ငံတွင် ဘိန်းဖြူများ ဖမ်းမိ

လန်ဒန် ဧပြီ ၆

ဗြိတိန်နိုင်ငံ ရဲတပ်ဖွဲ့ကလူသုံးဦးနှင့် ပေါင် ၁၅ မှ သန်း ၂၀(အမေရိကန်ဒေါ်လာသန်း ၃၀မှ၄၀)ခန့်မှန်းတန်ဖိုးရှိ ဘိန်းဖြူများကို ဖမ်းဆီးရမိကြောင်း မြို့တော်ရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

အထူးမှုခင်းတပ်ဖွဲ့က အင်္ဂလန်နိုင်ငံ အရှေ့တောင်ဘက် ကင့်မြို့ရှိ ကားဂိတ်တွင် ဧပြီ ၃ရက်က ကားနှစ်စီးမှ ဘိန်းဖြူ ကီလို၃၅၀ကိုဖမ်းဆီးရမိသည်။ ထိုအမှုနှင့် ပတ်သက်၍ လန်ဒန်မြို့တွင်နေထိုင်သည့် ဟာမင်ဒါချာနာနှင့် အတစ်ဖ်ခန်၊ ဒတ်ချ်လူမျိုး ပက်ထရစ်ကူစတာ သုံးဦးကို ဖမ်းဆီးထားသည်။

*အမ်အင်အေ၊ရိုက်တာ။*

ကြေးမုံ
The Mirror
နိုင်ငံတကာ
သတင်းများ

# ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့် ကွာလာကောင်များ ရှင်သန်မှု အခက်ကြုံနိုင်

ဆစ်ဒနီ ဧပြီ ၆

ဩစတြေးလျနိုင်ငံတွင် ပေါက်ရောက်သောအပင်တစ်မျိုးတည်းပေါ်၌သာ အဓိကအားထားကာ အသက်ရှင်သန်နေသော ကွာလာကောင်များမှာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ဆက်လက်ရှင်သန်နိုင်ရေး အခက်အခဲရှိမည်ဖြစ်ကြောင်း ဧပြီ၅ရက်တွင်ထွက်ပေါ်လာသောအစီရင်ခံစာကဖော်ပြထားသည်။

အနာဂတ်ကာလတွင် ကွာလာကောင်နှင့်အချို့အကောင်များ အဓိကစားသုံးသော ယူကလစ်ပင်၏ အရွက်များမှာ ရာသီဥတုပြောင်းလဲမှုကြောင့် သတ္တဝါများစားသုံး၍မရနိုင်သော အခြေအနေသို့ ပြောင်းလဲသွားနိုင်သည်ဟု ဩစတြေးလျအမျိုးသားတက္ကသိုလ်မှ သိပ္ပံပါမောက္ခ ဘီလ်ဖိုလေးကပြောကြားသည်။

လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှု အချိုးအစားမြင့်မားလာပြီး နိုက်ထရိုဂျင်ပါဝင်မှု လျော့ပါးလာသဖြင့် ယူကလစ်ပင်များ၏ ဓာတုအချိုးအစားတွင် သစ်စေးမှထွက်သော တင်နင်ဓာတ်ပါဝင်မှု များပြားလာနိုင်သည်ကို လေ့လာတွေ့ရှိရသည်ဟု ဂျိမ်းကွတ် တက္ကသိုလ်မှ သုတေသတစ်ဦးက ပြောကြားသည်။

*အမ်အင်အေ၊ရိုက်တာ။*

# အာဖဂန်နစ္စတန်၌ နေတိုးတပ်ဖွဲ့ဝင် သေဆုံး

ကဘူး ဧပြီ ၆

နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး ထောက်ကူပြုတပ်ဖွဲ့ (အိုင်အက်အေအက်ဖ်)တပ်ဖွဲ့ဝင်တစ်ဦးသည်အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် ဧပြီ ၄ ရက်က ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာပြင်းထန် စွာရရှိပြီး သေဆုံးကြောင်း ယင်းတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

၎င်းတပ်ဖွဲ့ဝင် သေဆုံးသည့်နေရာနှင့် အချိန်ကို အတိအကျဖော်ပြခြင်း မရှိချေ။

အာဖဂန်နစ္စတန်နိုင်ငံတွင် ယခုနှစ်စကတည်းက တာလီဘန်စစ်သွေးကြွများ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် အာဖဂန်နှင့် နေတိုးတပ်ဖွဲ့များ အပါအဝင် အရပ်သား ၃၀၀ကျော် သေဆုံးခဲ့သည်။

*အမ်အင်အေ၊ဆင်ဟွာ။*

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့၌ ပါလက်စတိုင်းလူမျိုးများနှင့် အစ္စရေးတပ်ဖွဲ့ဝင်များ ရုန်းရင်းဆန်ခတ်ဖြစ်နေသည်ကို ဧပြီ ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# သမ္မတလောင်းအရွေးခံသူ ကလင်တန်၏ မဟာဗျူဟာရေးရာမှူး ရာထူးမှ နုတ်ထွက်

ဝါရှင်တန် ဧပြီ ၇

ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းယှဉ်ပြိုင်အရွေးခံသူ ဟီလာရီကလင်တန်၏ ထိပ်တန်းမဟာဗျူဟာရေးရာမှူး ရာထူးမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ဧပြီ ၆ ရက်တွင် ကြေညာသည်။

ကိုလံဘီယာနိုင်ငံနှင့် လွတ်လပ်စွာ ကုန်သွယ်ရေး ကိစ္စနှင့် ပတ်သက်၍ ၎င်းနှင့် ငြိစွန်းနေသည့် အခြေအနေကြောင့် ရာထူးမှ နုတ်ထွက်ပေးခြင်း ဖြစ်သည်ဟုဆိုသည်။

ရာထူးမှ နုတ်ထွက်သွားသူမှာ မတ်ပင်းဆိုသူဖြစ်ကြောင်း ကလင်တန်၏ မဲဆွယ်ရေးအဖွဲ့၏ မန်နေဂျာ မဂ္ဂီဝီလီယံက ပြောကြားသည်။ ၎င်းသည် သမ္မတရွေးချယ်ပွဲဆိုင်ရာ မဟာဗျူဟာရေးရာမှူးအဖြစ်မှ နုတ်ထွက်သွားမည် ဖြစ်သော်လည်း နယူးယောက် ဆီနိတ်တာ ကလင်တန်၏အကြံပေးအဖြစ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။

အမေရိကန် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းကြီးတစ်ခုဖြစ်သော ဘာစတွန်မာစတယ်လာနှင့် နိုင်ငံရေးအတိုင်ပင်ခံ လုပ်ငန်း ပင်းရှောင်နှင့် ဘာလင်အဖွဲ့တို့တွင် မတ်ကိန်းသည် အကြီးအကဲ ဖြစ်သည်။

အမေရိကန်-ကိုလံဘီယာ လွတ်လပ်စွာ ကုန်သွယ်ရေးလုပ်ငန်းကိစ္စသည် ရှေ့မတိုးသာဘဲ တုံ့ဆိုင်းလျက်ရှိသည်။ မဲဆွယ်ရာ၌ ကလင်တန်သည် ထိုကုန်သွယ်ရေးကိစ္စကို ဝေဖန်ခဲ့သည်။ မက်ကိန်းသည် သောကြာနေ့က အမေရိကန်နိုင်ငံဆိုင်ရာ ကိုလံဘီယာ သံအမတ်ကြီးနှင့်တွေ့ဆုံခဲ့သည်။ ထို့သို့ တွေ့ဆုံခြင်းမှာ ဘာစတွန်မာစတယ်လာ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း အကြီးအကဲအနေဖြင့်သာ တွေ့ဆုံခြင်းဖြစ်သည်ဟုဆိုသည်။

*အမ်အင်အေ၊ဆင်ဟွာ။*

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်တစ်ဦးကို ဧပြီ ၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## အမေရိကန်ရှိ စကိုင်းဘတ်စ်လေကြောင်းလိုင်း ပျံသန်းမှုရပ်ဆိုင်း

ချီကာဂို ဧပြီ ၇

အမေရိကန်တွင် ဈေးနှုန်းချိုသာသည့် လေကြောင်းလိုင်းများအနက် တစ်ခု အပါအဝင်ဖြစ်သော စကိုင်းဘတ်စ် လေကြောင်းလိုင်းသည် ယင်း၏ ပျံသန်းမှု အစီအစဉ်များကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ကုမ္ပဏီက ကြေညာသည်။

ဈေးကွက်တွင် ဂျက်လေယာဉ်လောင်စာဆီဈေးနှုန်း မြင့်တက်လာခြင်းနှင့် နိုင်ငံ၏စီးပွားရေး ကျဆင်းလာခြင်းတို့ကြောင့် ယခုကဲ့သို့ ပျံသန်းမှု ရပ်ဆိုင်းရခြင်းဖြစ်ကြောင်း ဝက်ဘ်ဆိုက်တွင်တင်ထားသော ကြေညာချက်တွင် ဖော်ပြထားသည်။ ပျံသန်းမှု ရပ်ဆိုင်းခြင်းကို ဧပြီ ၅ရက်ကတည်းက စတင်သည်။

ထိုလေကြောင်းလိုင်းသည် အမေရိကန်ရှိ မြို့ကြီးပေါင်း ၁၅မြို့သို့ ကူးလူး ပျံသန်းနေသော လေယာဉ်လုပ်ငန်း တစ်ခုဖြစ်သည်။ ပြီးခဲ့သော သီတင်းပတ်အတွင်း အမေရိကန်နိုင်ငံရှိ ပျံသန်းမှုရပ်ဆိုင်းလိုက်သော လေကြောင်းလိုင်းများအနက် စကိုင်းဘတ်စ်လေကြောင်းလိုင်းသည် တတိယလေကြောင်းလိုင်း ဖြစ်သည်။

ယခုလေကြောင်းလိုင်း မတိုင်မီ ပျံသန်းမှုရပ်ဆိုင်းလိုက်သော လေကြောင်းလိုင်းနှစ်ခုမှာ အေတီအေ လေကြောင်းလိုင်းနှင့် ဟာဝိုင်ယီ အခြေစိုက် အာလိုဟာလေကြောင်းလိုင်းတို့ ဖြစ်သည်။

လုပ်ငန်းလည်ပတ်ရာ၌ ကျပ်တည်းလာသော အခြေအနေများကြောင့် လေကြောင်းလိုင်းကြီးအချို့သည်ကုမ္ပဏီလုပ်ငန်းများကို အကျဉ်းရုံးလျက်ရှိသည်။ ဒယ်လ်တာလေကြောင်းလိုင်းကြီးသည် မတ် ၁၈ရက်က ယင်း၏ လုပ်ငန်းများကို လျှော့ချသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အလုပ်နေရာပေါင်း ၂၀၀ကို ဖြတ်တောက်မည်ဖြစ်ပြီး ပျံသန်းမှုခရီးစဉ်အချို့ကိုလည်း လျှော့ချလိုက်သည်။

*အမ်အင်အေ၊ရိုက်တာ။*

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် ရွေးကောက်ပွဲမတိုင်မီ လုံခြုံရေးထိန်းသိမ်းဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များကို ဧပြီ ၇ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

## ဝန်ကြီးအဖွဲ့ စာရင်းထုတ်ပြန်မှု ရပ်ဆိုင်းထား ကင်ညာအတိုက်အခံပါတီက ပြောကြား

နိုင်ရိုဘီ ဧပြီ ၇

ကင်ညာနိုင်ငံမှ အတိုက်အခံပါတီနှင့် ကင်ညာသမ္မတတို့က ဝန်ကြီးများ အာဏာခွဲဝေယူရေးကိစ္စအပေါ် သဘောတူညီမှု မရရှိခဲ့၍ အာဏာခွဲဝေယူမည့် ဝန်ကြီးများ၏ အမည်စာရင်းထုတ်ပြန်မှုကို ရပ်ဆိုင်းထားကြောင်း ကင်ညာအတိုက်အခံပါတီက စနေနေ့တွင် ပြောကြားလိုက်သည်။

အများက စိတ်ဝင်တစား မျှော်လင့်တောင့်တနေသည့် ဝန်ကြီးအဖွဲ့သစ်စာရင်းကို ရပ်ဆိုင်းခဲ့သည်ဟု အတိုက်အခံပါတီ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကင်ညာအစိုးရက ယင်းကိစ္စနှင့် ပတ်သက်၍ မကြာမီ ကြေညာချက် ထုတ်ပြန်မည်ဖြစ်သည်ဟု သမ္မတကီဘာကီ၏ ပြောရေးဆိုခွင့်ရှိသူ အစ်ဆေယာကာဘီရာက ပြောကြားသည်။

သမ္မတကီဘာကီ၏ ညွန့်ပေါင်းအစိုးရနှင့် အတိုက်အခံ ပါတီခေါင်းဆောင် ရိုင်လောဘိုဒင်ဂါ၏ အောရိန်းဒီမိုကရက်တစ်လှုပ်ရှားမှုပါတီ (အိုဒီအမ်) တို့သည် ဝန်ကြီးဌာန ၄၀ အညီအမျှ ခွဲဝေယူမှုနှင့် ပတ်သက်၍ သဘောထားကွဲလွဲကြောင်း ကြေညာပြီးနောက် ဝန်ကြီးအဖွဲ့ အာဏာခွဲဝေယူမှုကိစ္စ စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးအဖွဲ့ အာဏာခွဲဝေယူရေးကိစ္စသည် လအတန်ကြာ ရှေ့မတိုး၊ နောက်မဆုတ် ဖြစ်နေမှုကို ကျော်လွှားရန်အတွက် ပြည်တွင်းရော ပြည်ပကပါ ကီဘာကီနှင့် ဘိုဒင်ဂါတို့အပေါ် ဖိအားပေးလျက်ရှိသည်။

*အမ်အင်အေ၊ရိုက်တာ။*

## ကြေးမုံ The Mirror
## နိုင်ငံတကာ သတင်းများ

## အီရန် နျူကလီးယားအစီအစဉ် ချဲ့ထွင်လုပ်ဆောင်မည်ဟု ပြောကြား

တီဟီရန် ဧပြီ ၇

အီရန်နိုင်ငံက ယင်း၏ အထင်ကရ ယူရေနီယံသန့်စင်ရေးစက်ရုံများတွင် စက်ဒလက်များတပ်ဆင်နေသည်ဟု ဗီယင်နာရှိသံတမန်များကပြောကြားပြီးခဲ့သည့်နောက် အီရန်က နျူကလီးယားအစီအစဉ်ကို ချဲ့ထွင်လုပ်ဆောင်မည်ဖြစ်ကြောင်း စနေနေ့က ပြောကြားခဲ့သည်။

ဗုံးထုတ်လုပ်နေသည်ဟု အမေရိကန်က စိုးရိမ်မကင်းဖြစ်ရသည့် အီရန်၏ နျူကလီးယားအစီအစဉ် ရပ်ဆိုင်းရေးသဘောထားကို ပယ်ချသည်ဟု အီရန်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီရန်နိုင်ငံက ပြည်တွင်းလျှပ်စစ်ဓာတ်အား အလွန်အမင်းလိုအပ်နေသည့် ဝယ်လိုအားကို ဖြည့်ဆည်းရန်အတွက် နျူကလီယားလောင်စာ ထုတ်လုပ်ရန်လိုအပ်ချက် ရှိနေသည်ဟု အီရန်က ပြောကြားသည်။

အီရန်သမ္မတ အာမက်ဒီနီဂျက်က အနောက်အုပ်စုကပေးမည့် မက်လုံးများကို ပယ်ချသည်ဟု ကျိုဒိုသတင်းဌာနကပြောကြားသည်။ *အမ်အင်အေ၊ရိုက်တာ။*

## ကွဲဘက်၌ သမိုင်းဝင်အဆောက်အအုံ မီးလောင်ပျက်စီး

အော့တဝါ ဧပြီ ၇

ကနေဒါနိုင်ငံ၏ ရှေးဟောင်းမြို့ ကွဲဘက်တွင် စစ်ဘက်ဆိုင်ရာ သမိုင်းမှတ်တမ်းဝင်အဆောက်အအုံ မီးလောင်ပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနက ဧပြီ ၅ရက်တွင် ဖော်ပြသည်။ အဆိုပါစစ်ဘက်ဆိုင်ရာအဆောက်အအုံကို ၁၈၈၄ခုနှစ်တွင်တည်ဆောက်ခဲ့သည်။

ဧပြီ ၄ရက် ညနေတွင် ထိုအဆောက်အအုံ မီးလောင်ရာ မီးသတ်သမားများက မငြိမ်းသတ်နိုင်မီ အဆောက်အအုံများမှာ ပြိုကျသွားခဲ့သည်။ ယင်းအဆောက်အအုံမှာ ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်အထိမ်းအမှတ်ပစ္စည်းများ စုဆောင်းထားရှိရာ အဆောက်အအုံဖြစ်သည်။ ကနေဒါနိုင်ငံတွင် သစ်သားမျက်နှာကြက် အများဆုံး တပ်ဆင်ထားသည့် အဆောက်အအုံလည်းဖြစ်သည်။ ထိုအဆောက်အအုံ၌ ကွဲဘက်မြို့၏ အကြိမ် ၄၀၀ နှစ်ပတ်လည် အထိမ်းအမှတ်များကို လက်ခံကျင်းပရန် စီစဉ်ထားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

## အစ္စရေးစစ်ဘက်က စစ်ရေးလေ့ကျင့်မှုများပြုလုပ်စဉ် လက်ဘနွန်တွင် တပ်လှန့်ထား

ဘေရွတ် ဧပြီ ၇

အစ္စရေးစစ်ဘက်က လေ့ကျင့်မှုများ ပြုလုပ်စဉ် လက်ဘနွန်စစ်တပ်မှတပ်မှူးက လက်ဘနွန်တောင်ပိုင်းရှိ ယင်း၏ တပ်ဖွဲ့ဝင်များကို အမြင့်ဆုံးအဆင့်ထိ တပ်လှန့်ထားခဲ့ကြောင်း နေ့စဉ်သတင်းစာ အက်စ်ဆာပါက စနေနေ့တွင် ဖော်ပြသည်။

အစ္စရေးစစ်ဘက်က ငါးရက်ကြာမည့် စစ်ရေးလေ့ကျင့်မှုများကိုတနင်္ဂနွေနေ့မှ စတင်ပြုလုပ်နေသည်။ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်သည့် ရည်ရွယ်ချက်မှာ စစ်ဆင်တိုက်ခိုက်ရန် မဟုတ်ကြောင်း အစ္စရေးစစ်ဘက်က လက်ဘနွန်တောင်ပိုင်းရှိ ကုလသမဂ္ဂကြားခံတပ်(ယူနီဖီးလ်)တပ်ဖွဲ့ဝင်များသို့ အကြောင်းကြားထားသည်။

အစ္စရေးစစ်ဘက်က စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ပြီး ရန်လိုတိုက်ခိုက်မည့် ရည်ရွယ်ချက်မရှိကြောင်း မိမိတို့ထံသို့ အကြောင်းကြားသည်ဟု ယူနီဖီးလ်၏ ပြောရေးဆိုခွင့်ရှိသူ ယက်စမီနာဘူဇိန်ယံက ပြောကြားကြောင်း အမျိုးသားသတင်းဌာနက ပြောကြားသည်။

မျှော်လင့်မထားသည့် ထိုးဖောက်ဝင်ရောက်မှုများကို ကာကွယ်နိုင်ရန်အတွက် အစ္စရေးနှင့် ထိစပ်နေသည့် နယ်စပ်ကို စောင့်ကြည့်ရန် ယူနီဖီးလ်က လက်ဘနွန် စစ်ဘက်နှင့် ပူးပေါင်းဆောင်ရွက်နေသည်ဟု ယက်စမီနာက ထုတ်ဖော်ပြောကြားသည်။

*အမ်အင်အေ၊ဆင်ဟွာ။*

အိန္ဒိယနိုင်ငံ ဘင်္ဂလောမြို့တွင် ခြေလေးဖက်နှင့် လက်လေးဖက်ပါ ကလေးငယ်အား အောင်မြင်စွာ ခွဲစိတ်ပြီးနောက် ဧပြီ ၆ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဆန်ချီဒေသရှိ ရှေးဟောင်းစေတီပုထိုးတော်များအား သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဧပြီ ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်း၊ စစ်သံမှူး ဗိုလ်မှူးကြီးနေဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး **Mr.Bhaskar Kumar Mitra** တို့လိုက်ပါလျက် မဒရာပရာဒတ်ချ်ပြည်နယ် ဘိုပါးလ်မြို့သို့ သွားရောက်ရန် ဧပြီ ၄ ရက် နံနက် ၈ နာရီတွင် ခေတ္တတည်းခိုသည့် နယူးဒေလီမြို့ရှိ တာ့ဂ်ျမဟာဟိုတယ်မှ လေတပ်စခန်းဌာနချုပ် လေဆိပ်သို့ ထွက်ခွာခဲ့ကြရာ လေဆိပ်မှ နေ၍ အိန္ဒိယသမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး **Mr.Jairm Ramesh**၊ ပြည်ပရေးရာဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန အကြီးအကဲ **Mr.Sunil Lal** နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံ အထူးလေယာဉ်ဖြင့် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ဘိုပါးလ်လေဆိပ်သို့ရောက်ရှိကြရာ ပြည်နယ်အုပ်ချုပ်ရေးမှူး Mr.Pukhraj Maroo ၊ ပြည်နယ်ရဲချုပ် Shri Landra Shrivastav နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား လေဆိပ်ခန်းမအတွင်း၌ တာဝန်ရှိသူများက ရိုးရာဓလေ့ ထုံးစံအရ ခရီးဦးကြိုဆိုဂါရဝပြုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဘိုပါးလ်မြို့၏ အရှေ့မြောက်ဘက်ရှိ ကမ္ဘာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ဗုဒ္ဓဘာသာပြန့်ပွားခဲ့ရာဒေသဖြစ် သည့် ဆန်ချီပုထိုးတော်များ တည်ရှိရာအရပ်သို့ မော်တော်ယာဉ် များဖြင့် ရောက်ရှိကြရာ ရှေးဟောင်းယဉ်ကျေးမှုဌာန လက်ထောက် တာဝန်ခံ P.L Meana နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဆန်ချီ ဒေသရှိ ရှေးဟောင်းစေတီပုထိုးတော်များနှင့် ဘုန်းကြီးကျောင်းများ၏ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာများကို တင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဘီစီ(၃)ရာစုခန့်က မြတ်စွာဘုရား၏ဓာတ်တော်၊ မွေတော်များဖြင့် အာသောကမင်းတရားကြီး ကိုယ်တိုင် ပထမဦးဆုံး စတင်တည်ထားကိုးကွယ်တော်မူခဲ့သည့် ပုထိုးတော်မြတ်အား ဖူးမြော်ကြည်ညို၍ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်များအား လှည့်လည်ဖူးမြော်ကာအမှတ်တရစုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကြသည်။

ဆက်လက်၍ သာသနာ့ဒါယကာ အာသောကမင်းတရားကြီး ဆောက်လုပ်လှူဒါန်းခဲ့သော စေတီပုထိုးတော်ဟောင်းများ၊ ကျောင်းတော်ရာဟောင်းများနှင့် ကျောက်တိုင်များ စသည့် ရှေးဟောင်းအမွေအနှစ် ကျောက်ဆစ်လက်ရာများကို ကြည့်ရှုလေ့လာကြည်ညိုကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော် မှတ်တမ်း စာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဆန်ချီဒေသသည် ရှေးပဝေသဏီကတည်းကပင် ယဉ်ကျေးမှု အနုပညာလက်ရာ ထွန်းကားသော ဒေသဖြစ်ပြီး အာသောကမင်းတရားကြီးလက်ထက်၌ မြတ်စွာဘုရား၏ ဓာတ်တော် မွေတော် များ၊ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်မထေရ်မြတ်တို့၏ ဓာတ်တော် များကို စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

## လှည့်လည်ဖူးမြော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဘိုပါးလ်မြို့ ဆန်ချီဒေသရှိ ရှေးဟောင်းစေတီပုထိုးတော်များအား လှည့်လည်ဖူးမြော်စဉ်။ (သတင်းစဉ်)

## နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

ရန်ကုန် ဧပြီ ၇

မြန်မာ့ နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၁၊၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ တို့တွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင်မြန်မာ့အလင်းသတင်းစာ နားမည်ဖြစ်သည်။

ဧပြီ ၂၁ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကြေးမုံ The Mirror

## ဆောင်းပါးအညွှန်း

ခရမ်းစိုးမြင့်၏ "ရည်မှန်းချက်တာဝန် (၉)ရပ်ဖြင့် ရှေ့သို့ ချီတက်နေသော အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ နိုင်ငံတော် ဓာတ်အားပေးစနစ် (၄)"

(သတင်းဆောင်းပါး) စာမျက်နှာ - ၆၇

## ထူးခြားသည့် နေ့အပူချိန်များ

(၇-၄-၂၀၀၈)

| | |
|---|---|
| ချောက် | ၄၂ဒီဂရီစင်တီဂရိတ်(၁၀၈ဒီဂရီဖာရင်ဟိုက်) |
| မင်းဘူး | ၄၂ဒီဂရီစင်တီဂရိတ်(၁၀၈ဒီဂရီဖာရင်ဟိုက်) |
| နေပြည်တော် | ၄၁ဒီဂရီစင်တီဂရိတ်(၁၀၆ဒီဂရီဖာရင်ဟိုက်) |
| မြင်းခြံ | ၄၁ဒီဂရီစင်တီဂရိတ်(၁၀၆ဒီဂရီဖာရင်ဟိုက်) |
| မကွေး | ၄၁ဒီဂရီစင်တီဂရိတ်(၁၀၆ဒီဂရီဖာရင်ဟိုက်) |
| တောင်တွင်းကြီး | ၄၁ဒီဂရီစင်တီဂရိတ်(၁၀၆ဒီဂရီဖာရင်ဟိုက်) |